ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ကြာသပတေးနေ့၊ (9-9-2010) (၆၁၁၆)

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၉

၂၀၁၀ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ မစ္စတာ ကင်ဂျုံအီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ ဥက္ကဋ္ဌထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၉

၂၀၁၀ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၉

၂၀၁၀ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ချိုရောင်ရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်

နေပြည်တော်　　စက်တင်ဘာ　　၈

၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အဖွဲ့များနှင့်တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများနှင့် ပါမောက္ခချုပ်များ၊ ပညာရေးကောလိပ် ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❑

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပညာရေး တက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရ မသီရိစိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၉-၉-၂၀၁၀ (ကြာသပတေးနေ့)

အသီးတစ်ရာအညှာတစ်ခု ယဉ်ကျေးမှုပင်စည်

မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့သည်။ ကိုယ်ပိုင်နယ်နိမိတ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်ထိန်းသိမ်းနိုင်ခဲ့သည်။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်အနုသုခုမသဘင်တို့ရှိခဲ့သည်။ ယင်းအချက်များကို မြေပေါ်ယဉ်ကျေးမှုအမွေအနှစ်များ၊ မြေအောက်မှတူးဖော်ရရှိခဲ့သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များက ခိုင်ခိုင်မာမာ ညွှန်ပြလျက်ရှိသည်။

နိုင်ငံတော်က ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသည်။ ရှေးမြန်မာဘုရင်များ၏ နန်းတော်နှင့် မြို့ရိုးများ တူးဖော်ခြင်း၊ ကျောက်စာ၊ မော်ကွန်းဝင်ပေပုရပိုက်များ စုစည်းထိန်းသိမ်းခြင်း၊ ရှေးဟောင်းမြို့တော်များ တူးဖော်သုတေသနပြုခြင်း လုပ်ငန်းများနှင့် ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ကြားခြင်းများ ပြုလုပ်လျက်ရှိသည်။

ယင်းသို့ သုတေသနပြု ကြိုးပမ်းမှုများ၏ အကျိုးရလဒ်အဖြစ် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုများမှသည် ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုများ ထွန်းကားခဲ့သည့် အထောက်အထားများကို တွေ့ရှိလာခဲ့ပြီ ဖြစ်သည်။

“မြန်မာနိုင်ငံအတွင်း ပျူများ ပျံ့နှံ့နေထိုင်မှုနှင့် ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးခြင်း” သုတေသနစာတမ်းဖတ်ပွဲကို နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမတွင် စက်တင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။ ပျူမြို့ပြနိုင်ငံများ ထူထောင်ပြီး ရှေးဦးမြို့ပြယဉ်ကျေးမှု ထွန်းကားလာမှုများကို တွေ့ရသည်။ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ တကောင်း၊ ပင်လယ်နှင့် ဝတီးစသည့် ပျူမြို့ဟောင်းများနှင့် ဓညဝတီ၊ ဝေသာလီရခိုင်မြို့ဟောင်းများ၊ ကျိုက္ကသာ၊ ဟံသာဝတီ မွန်မြို့ဟောင်းများ၊ ထားဝယ်မှ သာဂရစသည့် မြို့ဟောင်းများ ဆက်နွယ်နေကြောင်း သိရှိရပြီ။

အဆိုပါ မြို့ဟောင်းများ၏ မြို့တည်စနစ်၊ နန်းတည်စနစ်၊ အသုံးအဆောင်၊ အဝတ်အစားများမှသည် အသုံးပြုသည့် အုတ်ချပ်အရွယ်အစားများအထိ တူညီနေသည်ကို တွေ့ရသည်။ ယင်းအထောက်အထားများအရ ပြည်ထောင်စု တိုင်းရင်းသားအားလုံးသည် ပျူယဉ်ကျေးမှုဟူသည့် အသီးတစ်ရာအညှာတစ်ခု ပင်စည်ကြီးမှ အခက်အလက်များ ဝေဖြာဆင့်ပွားထွန်းကားလာခဲ့ခြင်း ဖြစ်ပေမည်။

လူတူပရိုင်းမိတ်၊ ကျောက်ခေတ်လယ်၊ ကြေးခေတ်၊ သံခေတ် သုတေသနပြု တွေ့ရှိချက်များသည် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့သမိုင်းစဉ်အတွက် အဖိုးတန်သည့် အထောက်အထားများဖြစ်သည်။ လူသားမျိုးနွယ်အစ ဖြစ်တည်ထွန်းကားလာမှုမှသည် သမိုင်းအကြိုခေတ်၊ ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာကာလ၊ မျက်မှောက်ခေတ်ကာလတို့အထိ ဆက်လက်လေ့လာသုတေသနပြုကြခြင်းဖြင့် မြန်မာ့သမိုင်းစဉ်ကို ဖော်ထုတ်ရေးသား မှတ်တမ်းတင်နိုင်ရေး ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

မင်္ဂလာတောင်ညွန့်မြို့နယ် အထက (၃) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၄ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင်ငါးဘာသာဂုဏ်ထူးရှင် မစုစန္ဒာနှင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) အထက်မြန်မာပြည်ရုံးခန်းဖွင့်လှစ်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၈

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် တရုတ်စံကားပင်များကို စိုက်ပျိုးပေးကြပြီး အခမ်းအနား တက်ရောက်လာကြသူများက ပျိုးပင်များ စိုက်ပျိုးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ရေတံခွန်တောင် ဆုတောင်းပြည့်စေတီတော်ရင်ပြင်တော်ပေါ်မှ သစ်စေ့များကြဲပက်စိုက်ပျိုးပေးကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ပုသိမ်ကြီးမြို့နယ် ပေါင်းစည်းလယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိကြရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က လယ်ယာစိုက်ပျိုးမှု အခြေအနေနှင့် မွေးမြူရေးအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက မွေးမြူရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) အထက်မြန်မာပြည် ရုံးခန်းဖွင့်လှစ်ပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးတင်ငွေ ခရိုင်ချင်းဆက်လမ်းအမှတ်(၃) လမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် စက်တင်ဘာ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ကွပ်ကဲမှုဖြင့် ဖောက်လုပ်နေသော ခရိုင်ချင်းဆက်လမ်း အမှတ်(၃) နှစ်မိုင်နေရာတွင် လုပ်ငန်းအဖွဲ့ (၁)က တာဝန်ယူဆောင်ရွက်နေသော ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ကျောက်ခင်းစက်ကြိတ်လုပ်ငန်းများကို လည်းကောင်း၊ လမ်းတစ်လျှောက် ရေကျော်များ တည်ဆောက်ခြင်းလုပ်ငန်းနှင့် တံတားများ တည်ဆောက်နေခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ခရိုင်ချင်းဆက်လမ်း အမှတ်(၃)မှ တစ်မိုင်ခန့်အကွာရှိ ဝက်လက်မြို့နယ် တမာကန်ကျေးရွာ၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ သောက်သုံးရေ ရရှိရေးနှင့် ကျေးရွာအဝင်မြေသားလမ်း တစ်မိုင် ဖောက်လုပ်ပေးရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝက်လက်မြို့နယ် သရိုင်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာပြည်သူများ၏ သောက်သုံးရေရရှိရေး တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) နှစ်မိုင်နေရာတွင် လုပ်ငန်းအဖွဲ့ (၁)က တာဝန်ယူဆောင်ရွက်နေသော ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ကျောက်ခင်းစက်ကြိတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၉-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၂၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ဦးခိုက်ပူဇော် မိုးကုတ်ဆရာတော်
- ၇:၃၀ ၄။ ဓမ္မပူဇာတေး
- ၇:၃၅ ၅။ မျိုးချစ်တပ်မတော်
- ၇:၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၄၅ ၅။ မွေးမြူသုတ
- ၄:၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၂)
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၆)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၀။ ကုန်သွယ်သုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၁၄)**
- ၂၃။ ဂီတရင်ခုန်သံ
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

လပွတ္တာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရွှေနဒီရေပေါ်ဈေးတွင် အလေး၊ ချိန်ခွင်မှန်ကန်စွာရောင်းချခြင်း ရှိ၊ မရှိကို ဒုတိယဦးစီးမှူး ဦးအောင်သက်ဦးနှင့် အဖွဲ့ ဒစ်ဂျစ်တယ်ကတ္တားဖြင့် စစ်ဆေးကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကြည့်ရှုစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် စက်တင်ဘာ ၆ ရက်တွင် စစ်ကိုင်းမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် အမှတ်(၃) ခရိုင်ချင်းဆက်လမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ စစ်ကိုင်းဝါမျိုးသန့်ခြံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ခံက ဝါစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အုန်းတော ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးသည် ဓာတ်အားခွဲရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စစ်ကိုင်း-မုံရွာ-ရွှေဘိုလမ်းစီမံကိန်းရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး ရေပေးဝေမှု အခြေအနေများနှင့် မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝန်ကြီး ဦးဉာဏ်ဝင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၉

၂၀၁၀ခုနှစ် စက်တင်ဘာ ၉ရက်တွင်ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပတ်ယွီချွမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့ လေကြောင်းအတတ်သင်လေတပ်စခန်း ခန်းမ၌ကျင်းပရာ လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး၊ မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူးနှင့် အရာရှိ၊ စစ်သည်များ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူးက အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲ ပွဲစဉ် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူးက ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စက်တင်ဘာ ၄ ရက်က အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အလုံမြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်၏ ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ ဒသမတန်း(A)မှ လေးဘာသာဂုဏ်ထူးဆုရရှိသူ မောင်သော်ဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(ကြေးမုံ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် New Palace မင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းက အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးမောင်မောင်လတ်က မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးရောဘတ်၊ အတွင်းရေးမှူး ဦးအောင်ကြည်စိုး(မောကိန္ဒရီ)၊ တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းသန်းဌေး၊ ဘဏ္ဍာရေးမှူး ဒေါ်ဒီးနားလု၊ စည်းရုံးရေးမှူး ဒေါ်နန်းသန်းခင်၊ ပြန်ကြားရေးမှူး ဦးထွန်းလှအောင်နှင့် ကော်မတီဝင်များဖြစ်ကြသော ဦးစုဝင်းဟန်၊ ဦးစိုးနိုင်၊ ဦးသန်းနိုင်ထွေး၊ ဦးနန္ဒိယ(အိုက်ဟို)တို့ ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ၏ခန့်အပ်လွှာကို မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)တွဲဖက်အတွင်းရေးမှူး(၁) ဦးရန်ပိုင်စိုးက ဖွဲ့စည်းတာဝန်ပေးအပ်ပြီး မြို့နယ်ဂီတအစည်းအရုံး ရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပကြောင်း သိရှိရသည်။ (ကြေးမုံ)

အဆင့်မြင့်နည်းပညာအသစ်များ (မန္တလေး)တွင် ပြသမည်

True Value

နေပြည်တော် စက်တင်ဘာ ၈

အဆင့်မြင့်နည်းပညာများ၏ လက်တွေ့အသုံးဝင် အကျိုးရှိပုံကို လက်ခံသုံးစွဲလာပြီဖြစ်၍ ICT EXPO 2010 (မန္တလေး)တွင် TRUE VALUE မှ အဆင့်မြင့်နည်းပညာအသစ်အဆန်းများနှင့် Solution များ ဝင်ရောက်ပြသမည်ဖြစ်သည်။ TRUE VALUE မှ RTTS (ယာဉ်ရောက်ရှိရာနေရာအား အချိန်နှင့်တစ်ပြေးညီသိနိုင်သည့်စနစ်) Car Black Box (ယာဉ်သွားရာတစ်လျှောက် ဗီဒီယိုပုံရိပ်များနှင့် အသံများ မှတ်သားနိုင်သောစနစ်)၊ GPS စနစ်ပါသော မိမိသွားခဲ့သည့် လမ်းကြောင်းများ ပြန်လည်ကြည့်နိုင်သည့်စနစ်၊ Telephone Voice Logging System(တယ်လီဖုန်းမှတ်တမ်းစနစ်)၊ Home Security System (မိမိအိမ် လုံခြုံရေးအတွက်Alarm မြည်စနစ်နှင့် မိမိ၏ဖုန်းသို့ အချက်ပေးစနစ်)၊ RFID ကတ် (Radio Frequency Identification) ဖြင့် လူအဝင်အထွက် ထိန်းချုပ်ခြင်း၊ တံခါးဖွင့်ပိတ်ခြင်း၊ နယ်နိမိတ်သတ်မှတ်ပေးခြင်းစနစ်၊ လုံခြုံရေးကင်မရာများ (CCTV) တပ်ဆင်ပေးခြင်းစနစ်၊ Wireless Service Bell (Bell ခလုတ်ကိုနှိပ်လိုက်ခြင်းဖြင့် Receiver တွင် အသံမြည်လာသည့်စနစ်) စသည့် စနစ်များကို ICT EXPO 2010 (မန္တလေး)တွင် ကျင်းပမည့် ကာလဖြစ်သော စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အတွင်း အထူးအစီအစဉ်အဖြစ် ၁၀ ရာခိုင်နှုန်း Discounts ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

Real Time Tracking System သည် မော်တော်ယာဉ်များအား ယာဉ်သွားလာနေစဉ်အချိန်တွင် ယာဉ်မောင်းနှင့်တကွ ယာဉ်၏ဘေးကင်းစေရန်အတွက် အသုံးပြုနိုင်မည့်အပြင် ယာဉ်များမောင်းနှင်နေစဉ် အတွင်း မော်တော်ယာဉ်ရောက်ရှိရာနေရာ၊ မော်တော်ယာဉ်၏ အမြန်နှုန်း၊ မိုင်၊ ကီလိုအကွာအဝေး၊ မော်တော်ယာဉ်၏ ဦးတည်ရာလမ်းကြောင်းကို ကြည့်ရှုနိုင်မည့်အပြင် လိုအပ်ပါက မော်တော်ယာဉ်မောင်းသူနှင့် Two Way စကားပြောဆိုနိုင်သည်။

Car Black Box သည် မော်တော်ယာဉ် မောင်းနှင်နေစဉ် တစ်လျှောက်ရှိ ပုံရိပ်များနှင့် အသံများကို Video & Voice မှတ်သားထားနိုင်ပြီး မှတ်သားထားသည်များကို ပြန်လည်ကြည့်ရှုနိုင်သည်။ ကားသွားရာ လမ်းကြောင်းတစ်လျှောက် ပုံရိပ် (Movies)များကို နေ့ရောညပါ ကြည့်ရှုနိုင်သည်။

GPS ပါရှိသော Keychain၊ နာရီ၊ Datalogger များဖြင့် သွားရောက်ခဲ့သည့် လမ်းကြောင်းများ၊ ဓာတ်ပုံများအား မြေပုံပေါ်တွင် ပြန်လည်ကြည့်ရှုနိုင်သည်။

TelephoneVoice Logging System (တယ်လီဖုန်းမှတ်တမ်းတင်စနစ်)သည် မိမိလုပ်ငန်းများ၏ Service (ဝန်ဆောင်မှု)အပိုင်း မြှင့်တင်ရေးအတွက် တယ်လီဖုန်းများ၏ ပြောဆိုဆွေးနွေးမှုများ၊ Phone ပြောချိန်၊ နေ့ရက်၊ အဝင်အထွက်နံပါတ်များကို SD Card ဖြင့် သိမ်းဆည်း၍ ရက်ပေါင်း ၉၀ Record လုပ်နိုင်သည့် ပစ္စည်းဖြစ်သည်။

RFID Card (Radio Frequency Identification) ဖြင့် တံခါးအဖွင့်အပိတ်စနစ်၊ RFID ကတ်ဖြင့် လူအဝင်အထွက် မှတ်သားခြင်းစနစ်များ ဝန်ဆောင်မှုပေးသည်။ အရောင်အသွေး စုံလင်လှပသော ID ကတ်များ၊ ဝန်ထမ်းကတ်၊ Member ကတ်များ၊ လုံခြုံရေးကတ်များ အစရှိသည်တို့ကို Customer စိတ်တိုင်းကျ ဝန်ဆောင်မှု ပေးလျက်ရှိသည်။

TRUE VALUE ၏ Solutions များကို စိတ်ဝင်စားပါက TRUE VALUE ရန်ကုန်ရုံး- အမှတ်(၃၅၁) အခန်း (၁၀၃) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၀၉-၈၀၂၂၀၂၅၊ မန္တလေးရုံး- အမှတ်(၅) (၂၆)လမ်း (၇၈)လမ်းနှင့် (၇၉)လမ်းကြား ဖုန်း-၀၂-၂၁၅၇၂ နှင့် နေပြည်တော်ရုံး- သပြေကုန်းဈေး အနောက်မြောက်အဝိုင်း နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၉-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၀၅ ၇။ အကပဒေသာ
- ၈:၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ "မီးမီးရဲ့ဆုံးဖြတ်ချက်"
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (ဇေယျာရွှေမြေ F.Cနှင့် Southern Myanmar F.C)
- ၅:၀၀ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅:၁၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၂၅ ၄။ အတီးပြိုင်ပွဲ
- ၅:၃၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၄၀ ၆။ တေးဂီတအစီအစဉ်
- ၅:၅၀ ၇။ "ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ"
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၀။ **ပျော်ရွှင်စေသော နေ့ရက်များ "ချစ်သူကော်ဖီ" (အပိုင်း-၂၂) (ငြိမ်းချမ်း၊ ညီထက်၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆:၄၀ ၁၁။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယတွဲ)(အပိုင်း-၃၂)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **ထာဝရတို့မြေအလှ [ဟေမာနေဝင်း၊တေးရေး- ပက်ထရစ်(မိုးသောက်ပန်း)]**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်"(အပိုင်း-၁၉)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၇၆)**
- ၁၉။ အစီအစဉ်ပြီး၏

အားကစားပွဲတွင် အငြင်းအခုံဖြစ်ပွားရာမှ အမေရိကန်စစ်အကြံပေးနှစ်ဦး ပစ်သတ်ခံရ

အီရတ်၌ အမေရိကန်စစ်ဆင်ရေးများအဆုံးသတ်ကြောင်း ကြေညာပြီးနောက်ပိုင်း ပထမဆုံးသေကျေမှုဖြစ်

ဘဂ္ဂဒက် စက်တင်ဘာ ၈ - အားကစားပြိုင်ပွဲတစ်ခုတွင် အငြင်းအခုံဖြစ်ပွားရာမှ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို လုပ်ဖော်ကိုင်ဖက် အီရတ်စစ်သားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်မှုကို အမေရိကန်နှင့် အီရတ်အာဏာပိုင်များက စက်တင်ဘာ ၈ ရက်တွင် စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်ခဲ့သည်။

အဆိုပါပစ်ခတ်မှုသည် အီရတ်တွင် စစ်ရေးအရတိုက်ခိုက်မှုများကို အဆုံးသတ်လိုက်ကြောင်း ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ဝါရှင်တန်က တရားဝင်ကြေညာခဲ့ပြီးနောက်ပိုင်း ပထမဆုံးဖြစ်ပွားခဲ့သည့် အမေရိကန်စစ်ဘက်ဆိုင်ရာ အထိအခိုက်အကျအဆုံးတစ်ခုဖြစ်သည်။ ပစ်ခတ်မှုတွင် အခြားအမေရိကန်စစ်သည်ကိုးဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။

အီရတ်နိုင်ငံ ဆာလာဟေဒင်ပြည်နယ် တွတ်ဇ်ခါရ်မာတူမြို့အနီး အီရတ်လေတပ် အခြေစိုက်စခန်းရှိ အီရတ်ကြည်းတပ် ကွန်မန်ဒိုတပ်ဖွဲ့ရိပ်သာသို့ အင်္ဂါနေ့ နေ့လယ်ပိုင်းက အမေရိကန်တပ်ဖွဲ့တစ်ဖွဲ့ လာရောက်လည်ပတ်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အီရတ်စစ်သားများနှင့် အမေရိကန်စစ်ဘက်အကြံပေးပုဂ္ဂိုလ်များ ဘော်လီဘောယှဉ်ပြိုင်ကစားကြရာမှ ခိုက်ရန်ဖြစ်ပွားပြီး ယခုကဲ့သို့ ပစ်ခတ်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ပစ်ခတ်သူ အီရတ်စစ်သားမှာ လက်ရွေးစင် အထူးတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်။

အေအက်ဖ်ပီ။

အာဖဂန်နစ္စတန်ဆိုင်ရာ ဗြိတိန်အထူးကိုယ်စားလှယ် ရာထူးမှနုတ်ထွက်

လန်ဒန် စက်တင်ဘာ ၈

အမေရိကန်ပြည်ထောင်စု၏ အာဖဂန်နစ္စတန်ဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍ ဆန့်ကျင်ခဲ့သည်ဆိုသော ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်ဆိုင်ရာ ဗြိတိန်နိုင်ငံ၏ အထူးကိုယ်စားလှယ်သည် ၎င်း၏ ရာထူးမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း စက်တင်ဘာ ၈ ရက် သတင်းများတွင် ဖော်ပြသည်။

တာဝန်

ဗြိတိသျှအထူးကိုယ်စားလှယ် ရှီးယားကူးပါးကိုးလ်သည် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံများနှင့် ပတ်သက်သော မူဝါဒများကို အမေရိကန်နှင့် အခြားနိုင်ငံများအကြား စေ့စပ်ညှိနှိုင်းပေးသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဂါးဒီးယန်းသတင်းစာ၏ ဖော်ပြချက်အရ ကူးပါးကိုးလ်သည် အာဖဂန်နစ္စတန်နိုင်ငံ၌ အနောက်နိုင်ငံများမှ တပ်ဖွဲ့များ ဆက်လက်ထားရှိသင့်သည်ဟူသော အယူအဆကိုစွဲကိုင်ထားသူဖြစ်ရာ အမေရိကန်နှင့် နေတိုးထိပ်တန်းတာဝန်ရှိသူများနှင့် သဘောထားကွဲလွဲခဲ့ခြင်းကြောင့် ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

သတင်းစာဆရာသေဆုံးမှု အများဆုံးစစ်ပွဲ အီရတ်စစ်ပွဲဖြစ်လာ

ပါရီ စက်တင်ဘာ ၈

အီရတ်နိုင်ငံကို အမေရိကန်တပ်ဖွဲ့များ စတင်ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်မှ စတင်၍ သေဆုံးခဲ့သော သတင်းစာဆရာအရေအတွက်မှာ ၂၃၀ ရှိခဲ့ပြီဖြစ်ရာ ဒုတိယကမ္ဘာစစ် နောက်ပိုင်းစစ်ပွဲများအတွင်း သတင်းစာဆရာ သေဆုံးမှုနှုန်း အများဆုံးဖြစ်ကြောင်း စက်တင်ဘာ ၈ ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းကဲ့သို့ အီရတ်စစ်ပွဲအတွင်း သတင်းစာဆရာ သေဆုံးမှုကိန်းဂဏန်းများကို ပြင်သစ်အခြေစိုက် နယ်စည်းမခြားသတင်းစာဆရာများအဖွဲ့က စုဆောင်းပြုစုခဲ့ခြင်းဖြစ်သည်။

အဆိုပါကိန်းဂဏန်းအရေအတွက်သည် ဗီယက်နမ်စစ်ပွဲကာလ သို့မဟုတ် အယ်လ်ဂျီးရီးယား ပြည်တွင်းစစ်ပွဲကာလများအတွင်း သေဆုံးခဲ့ရသော နိုင်ငံတကာသတင်းစာဆရာများအရေအတွက်ထက် ပိုမိုသာလွန်ကြောင်း နယ်စည်းမခြားသတင်းစာဆရာများအဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံ၌ နောက်ဆုံးသေဆုံးခဲ့ရသော သတင်းစာဆရာမှာ အယ်အီရတ်ကီယာ ရုပ်မြင်သံကြားဌာနမှ သတင်းစာဆရာတစ်ဦးဖြစ်ပြီး ၎င်းကိုအမည်မသိ သေနတ်သမားများက စက်တင်ဘာ ၈ရက်တွင် ဘဂ္ဂဒက်မြို့ရှိ ၎င်း၏နေအိမ်၌ သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် အီရတ်နိုင်ငံ၌ သတင်းမီဒီယာဝန်ထမ်း ၉၃ ဦး ပြန်ပေးဆွဲခံခဲ့ရပြီး ခုနစ်နှစ်တာစစ်ပွဲကာလအတွင်း ကမ္ဘာ့အကြီးဆုံးလူပြန်ပေးဆွဲမှု ဈေးကွက်ကြီးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

နယ်စည်းမခြား သတင်းစာဆရာများအဖွဲ့၏ အဆိုအရ ၂၀၀၃ ခုနှစ် မတ်လမှ ၂၀၁၀ ခုနှစ် ဩဂုတ်လအတွင်း အမေရိကန်တပ်ဖွဲ့များက သတင်းစာဆရာ ၉၃ ဦးကို ဖမ်းဆီးခဲ့ပြီး အများစုမှာ ၂၀၀၈ ခုနှစ်အတွင်း ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် စက်တင်ဘာ ၈ ရက်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှု။

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများကြောင့် လူငါးဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၈ - အီရတ်နိုင်ငံတစ်ဝန်း စက်တင်ဘာ ၈ ရက်က ဖြစ်ပွားခဲ့သော လက်နက်ငယ်ဖြင့် တိုက်ခိုက်မှုများနှင့် ဗုံးပေါက်ကွဲမှုများကြောင့် ရုပ်မြင်သံကြားအစီအစဉ်တင်ဆက်သူတစ်ဦးအပါအဝင် လူငါးဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ အဆိုပါတိုက်ခိုက်မှုများကြောင့် ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

မိုလ်ဆူးမြို့လယ်တွင် အလုပ်ခွင်သို့သွားရောက်ရန် ပြင်ဆင်နေသော ရုပ်မြင်သံကြားအစီအစဉ်တင်ဆက်သူတစ်ဦးကို မည်သည့်အဖွဲ့အစည်းဟု ခွဲခြားမပြောနိုင်သော သေနတ်သမားများက ၎င်း၏ အိမ်ရှေ့၌ပင် ပစ်ခတ်ခဲ့ရာ အဆိုပါရုပ်မြင်သံကြား အစီအစဉ်တင်ဆက်သူ သေဆုံးခဲ့ကြောင်း သိရသည်။

အလားတူ ဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခုကို ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ဆောင်ထားသော ယာဉ်တစ်စီးဖြင့် တိုက်ခိုက်ခဲ့ရာ လူနှစ်ဦးသေဆုံးပြီး အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦး အပါဝင် လူ ၂၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အီရတ်ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဘဂ္ဂဒက်မြို့လယ်တွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများကြောင့် လူတစ်ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။ ယင်းအပြင် ဒီယာလာပြည်နယ်တွင်လည်း လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ်လယ်သမားတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး စက်တင်ဘာ ၈

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး စက်တင်ဘာ ၈ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၁၂၁ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၇၆၇ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၃၁၂၁ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၇၆၇ ဦး

အင်တာနက်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်ဒေသရှိ ဒုက္ခသည်စခန်းတစ်ခုမှ ဒုက္ခသည်အာဖဂန်ကလေးတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တည်ငြိမ်ရေး ရုရှားပူးပေါင်းဆောင်ရွက်လို

မော်စကို စက်တင်ဘာ ၈

အာဖဂန်နစ္စတန်နိုင်ငံတည်ငြိမ်ရေးအတွက် အမေရိကန်တပ်ဖွဲ့များနှင့် နေတိုးတပ်ဖွဲ့များကို ရုရှားနိုင်ငံအနေဖြင့် တပ်ဖွဲ့များ စေလွှတ်ခြင်းအပါအဝင် အကူအညီများပေးလိုကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရော့က စက်တင်ဘာ ၆ ရက်တွင် ပြောကြားသည်။

အကြောင်းနှစ်ရပ်

သို့ရာတွင် ရုရှားနိုင်ငံက အာဖဂန်စစ်ပွဲအရေးနှင့်ပတ်သက်၍ ပိုမိုတက်ကြွစွာလှုပ်ရှားလာခြင်းတွင် နောက်ခံအကြောင်းတရားနှစ်ရပ်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ ပထမအကြောင်းတရားတစ်ရပ်မှာ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ အာဖဂန်မှထွက်ခွာခဲ့ပါက အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးကုန်သွယ်မှုစသည့် အာဖဂန်နစ္စတန်၏ လက်တလောအကြောင်းတရားများ ရုရှားနိုင်ငံတွင်းသို့ ပျံ့နှံ့လာမည်စိုး၍ ဖြစ်သည်ဟု ဆိုသည်။

ဒုတိယအကြောင်းတရားမှာ ရုရှားနိုင်ငံ၏ ပြောင်းလဲလာသောနိုင်ငံခြားရေးမူဝါဒအရဖြစ်ပြီး ရုရှား-ဂျော်ဂျီယာစစ်ပွဲ ပြီးဆုံးပြီးနောက် ရုရှားနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများနှင့် ပိုမိုချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပြုလုပ်ရန် လိုလားနေကြောင်း သတင်းတွင်ဖော်ပြသည်။ ***အင်တာနက်။***

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် စက်တင်ဘာ ၈

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ ၈ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၃၃၈၁ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၂၇၁၅ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၃၃၈၁ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၂၇၁၅ ဦး

အင်တာနက်။

လိုရင်း တိုရှင်း ကမ္ဘာ့ သတင်းများ

စက်တင်ဘာ ၈၊ ၂၀၁၀

အာရှ-ပစိဖိတ်

အပူပိုင်းမုန်တိုင်း တရုတ်တောင်ပိုင်းသို့ ဦးတည်

ယခုနှစ်တွင် တရုတ်နိုင်ငံအဖို့ (၁၀) ကြိမ်မြောက် အပူပိုင်းမုန်တိုင်းသည် ကြာသပတေးနေ့ ညနေပိုင်းမှ သောကြာနေ့ နေ့လယ်ပိုင်း အချိန်အတွင်း တရုတ်တောင်ပိုင်း ကမ်းရိုးတန်းဒေသများကို ဖြတ်သန်းတိုက်ခတ်မည်ဟု မျှော်လင့်ရကြောင်း မိုးလေဝသအာဏာပိုင်အဖွဲ့က သတိပေးသည်။ မုန်တိုင်းသည် တောင်တရုတ်ပင်လယ်အတွင်း ဖြစ်ပေါ်နေပြီး မုန်တိုင်းဗဟိုချက်သည် တစ်နာရီလျှင် ၁၀ မှ ၁၅ ကီလိုမီတာနှုန်းဖြင့် အနောက်ဘက်သို့ ရွေ့လျားလျက်ရှိသည်။

ဩစတြေးလျလေဘာပါတီ အစိုးရဖွဲ့မည်

ဝန်ကြီးချုပ် ဂျူလီယာဂီလာ့ဒ်သည် တစ်သီးပုဂ္ဂလ ဥပဒေပြုလွှတ်တော်အမတ်နှစ်ဦး၏ ထောက်ခံမှုကို အသံဖြင့် မဲခွဲဆုံးဖြတ်ရာတွင် ရရှိပြီးနောက် လူနည်းစုအစိုးရတစ်ရပ် ဖွဲ့စည်းမည်ဖြစ်ရာ လေဘာပါတီအနေဖြင့် ဒုတိယမြောက် သုံးနှစ်သက်တမ်း အစိုးရအဖွဲ့အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သကဲ့သို့ ရက်သတ္တနှစ်ပတ်ကျော်ကြာ နိုင်ငံရေးထွက်ပေါက်မရှိသော အခြေအနေမှာလည်း ပြီးဆုံးသွားခဲ့သည်။

အမေရိက

ကော်လိုရာဒိုတောမီး နှစ်ဆကြီးထွား

အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ်မြောက်ပိုင်း၊ ဘိုလ်ဒါမြို့ အနောက်ဘက် လေးမိုင်ကင်ညွှန် ဒေသတွင် တနင်္လာနေ့က စတင်လောင်ကျွမ်းလျက်ရှိသော တောမီးမှာ နှစ်ဆခန့် ကြီးထွားလာပြီး သစ်တောသစ်ပင် ဧက ၇၁၀၀ ကျော် မီးသင့်ခံရကာ ဒေသခံပြည်သူ ၃၅၀၀ ကျော်တို့ကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့စေခဲ့ရပြီး ပြည်နယ်အာဏာပိုင်များက အရေးပေါ် အခြေအနေ ကြေညာခဲ့သည်။

ဥရောပ

ရုရှားပြတိုက်များမှပစ္စည်း နှစ်သိန်းကျော်ပျောက်နေ

ရုရှားပြတိုက်များတွင် ပြသထားသည့် ပစ္စည်းအမျိုးအမည် ၂၄၂၀၀၀ ကျော်မှာ ပျောက်ဆုံးလျက်ရှိရာ ယင်းအနက် ၂၄၅၀၀ ကိုသာ ခိုးမှုအဖြစ် သတင်းပို့ထားကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။ ကျန်ပစ္စည်း ၂၁၉၀၀၀တို့မှာ အကြောင်းပြချက်မရှိဘဲ ၎င်းတို့၏ ပြတိုက်များတွင် ပြသနိုင်ခြင်း မရှိဖြစ်နေသည်။

အရှေ့အလယ်ပိုင်း

ပါလက်စတိုင်းမော်တာကျည်

ဂါဇာမြောက်ပိုင်းရှိ ပါလက်စတိုင်း စစ်သွေးကြွများ ပစ်ခတ်လိုက်သော မော်တာကျည်တစ်လုံးသည် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက အစ္စရေး လူနေရပ်ကွက်တစ်ခုရှိ မူကြိုကျောင်း အတန်းများကြားကျရောက်ပေါက်ကွဲခဲ့သော်လည်း ကလေးများမှာ ကျောင်းသို့ အလာလမ်းခရီးတွင်သာ ရှိနေသေးခြင်းကြောင့် သေကျေဒဏ်ရာရမှုများ မရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တောင်အာရှ

အာဖဂန်၌ အသေခံပုံးခွဲတိုက်ခိုက်

အာဖဂန်နစ္စတန်မြောက်ပိုင်း ဘက်ဂ်လန်ပြည်နယ်တွင် အသေခံပုံးခွဲသမားတစ်ဦးက ပုံးခွဲတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ အသေခံပုံးခွဲတိုက်ခိုက်မှုသည် ဘက်ဂ်လန်ပြည်နယ် ပေါလ်အီးခွန်မရီမြို့ပြင်၌ ဖြစ်ပွားခဲ့သည်။ အသေခံပုံးခွဲသမားသည် ၎င်း၏ ကိုယ်ပေါ်တွင် ကပ်ချည်ထားသော ဖောက်ခွဲရေးပစ္စည်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဗုံးခြိမ်းခြောက်မှု ဖြစ်ပွားပြီးနောက် ထိုင်းလေကြောင်း လေယာဉ်ကို လော့စ်အိန်ဂျလိစ်လေဆိပ်၌ အမေရိကန် ရဲတပ်ဖွဲ့က ရှာဖွေစစ်ဆေးမှုများ ပြုလုပ်သည်။

လေယာဉ်သန့်စင်ခန်းထဲတွင် ဗုံးခြိမ်းခြောက်စာတစ်စောင်တွေ့ခဲ့ပြီးနောက် ထိုင်းလေကြောင်းမှ လေယာဉ်တစ်စင်းလော့စ်အိန်ဂျလိစ်၌ ဘေးကင်းစွာဆင်းသက်

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၈ - **လေယာဉ်ပေါ်တွင် ဗုံးပါလာကြောင်းခြိမ်းခြောက်စာတစ်စောင်ကို လေယာဉ်သန့်စင်ခန်းတစ်ခုအတွင်း တွေ့ရှိခဲ့ပြီးနောက် ဗန်ကောက်မှပျံသန်းလာသော ထိုင်းလေကြောင်းပိုင်လေယာဉ်တစ်စင်းသည် လော့စ်အိန်ဂျလိစ်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လုံခြုံချောမွေ့စွာဆင်းသက်နိုင်ခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုထောက်လှမ်းရေးဗျူရို (အက်ဖ်ဘီအိုင်)မှ တာဝန်ရှိသူများက ပြောကြားသည်။**

ထိုင်းလေကြောင်းလေယာဉ်ခရီးစဉ်(၇၉၄)တွင် ခြိမ်းခြောက်မှုဖြစ်ပေါ်ကြောင်း သတင်းပို့ချက်ကို အင်္ဂါနေ့ည ၇ နာရီ ၁၅ မိနစ်တွင် လော့စ်အိန်ဂျလိစ်လေဆိပ်တာဝန်ရှိသူများက လက်ခံရရှိခဲ့ပြီးနောက် ည ၈ နာရီကျော်ကျော်တွင် လေယာဉ်ကို ဘေးရန်ကင်းစွာ ဆင်းသက်နိုင်ခဲ့ကြောင်း၊ ယင်းနောက်လေယာဉ်ကို လေဆိပ်အဆောက်အအုံနှင့် ဝေးရာတွင် ဆိုက်ကပ်ခဲ့ပြီး ခရီးသည်များကို ဆင်းစေခဲ့ကြောင်း အက်ဖ်ဘီအိုင်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး လော်ရာအင်မီလီယာက ပြောသည်။

ခြိမ်းခြောက်စာကို လေယာဉ်ပေါ်ရှိသန့်စင်ခန်းတစ်ခု၏ မှန်ပေါ်တွင် ကပ်ထားခြင်းဖြစ်ပြီး အင်္ဂလိပ်စာသဒ္ဒါ အမှားမှား အယွင်းယွင်းဖြင့် ရေးသားထားခြင်းဖြစ်ကြောင်း ထိုင်းလေကြောင်း ဥက္ကဋ္ဌက အေပီသတင်းဌာနသို့ ပြောကြားသည်။

လေယာဉ်ဖြင့်တင်ဆောင်လာသည့် ခရီးဆောင်သေတ္တာများနှင့် လေယာဉ်ခရီးသည်များ၊ လေယာဉ်ဝန်ထမ်းများကို လေဆိပ်တာဝန်ရှိသူများက လုံခြုံရေးခွေးများဖြင့် စစ်ဆေးကြည့်ရှုခဲ့ကြပြီး တွေ့ဆုံမေးမြန်းမှုများလည်း ပြုလုပ်ခဲ့ကြသည်။

အဆိုပါလေယာဉ်ဖြင့် ခရီးသည်နှင့်လေယာဉ်အမှုထမ်း စုစုပေါင်း ၂၀၀ ခန့်လိုက်ပါလာခဲ့ကြသည်။

စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် လေယာဉ်ပေါ်တွင် ပေါက်ကွဲစေတတ်သည့် ပစ္စည်းနှင့် ဗုံးပါဝင်သည့် မည်သည့် အထောက်အထားကိုမျှ မတွေ့ရှိရကြောင်း နောက်ဆက်တွဲ သတင်းများအရ သိရှိရသည်။ ***အေပီ။***

ဆီးကျိတ်ကင်ဆာရောဂါဖြစ်ပွားမှု ခရမ်းချဉ်သီးက ကာကွယ်နိုင်ဟုဆို

လန်ဒန် စက်တင်ဘာ ၈

ခရမ်းချဉ်သီးကို အစားအသောက်များ၌ နေ့စဉ်ထည့်သွင်းစားသောက်ခြင်းအားဖြင့် ဆီးကျိတ်ကင်ဆာကို ကြိုတင်ကာကွယ်နိုင်သည့်အပြင် ၎င်းဝေဒနာခံစားနေရသူများတွင်လည်း ကင်ဆာကျိတ်ကြီးထွားမှုကို နှေးကွေးစေနိုင်သည့် လက္ခဏာများကို သုတေသနပြုချက်များ၌ တွေ့ရှိနေရပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံထုတ် ကင်ဆာကာကွယ်ရေးသုတေသနဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

သုတေသနပြုလေ့လာမှုတစ်ခု၌ ကင်ဆာရောဂါလက္ခဏာပြနေသော ကြွက်များကို ခရမ်းချဉ်သီးထုတ်ယူထားသည့် အာဟာရဓာတ်များပါဝင်သော အစာများကို နေ့စဉ်ကျွေးမွေးခဲ့ရာ ရောဂါလက္ခဏာများ လျော့နည်းကျဆင်းလာခဲ့သည်ကို တွေ့ရကြောင်း၊ ရေရှည်တွင်ရောဂါပျောက်ကင်းနိုင်ကြောင်း စူးစမ်းလေ့လာတွေ့ရှိရခြင်းကြောင့် နှစ်စဉ်ဗြိတိန်နိုင်ငံတွင် လူ ၁၀၀၀၀ ခန့် သေဆုံးနေရသည့် ဆီးကျိတ်ကင်ဆာကို ခရမ်းချဉ်သီးဖြင့် ကာကွယ်ကုသနိုင်ရေးအတွက် မျှော်လင့်နိုင်မည် ဖြစ်သည်။

နေပယ်လ်တက္ကသိုလ်မှ သိပ္ပံသုတေသီများသည် ဆီးကျိတ်ကင်ဆာဖြစ်ပွားနေသော ကြွက်များကို ၎င်းတို့၏ အစာတွင် ခရမ်းချဉ်သီးအမှုန့် ၁၀ ရာခိုင်နှုန်း နေ့စဉ်ထည့် သွင်းကျွေးမွေးခြင်းဖြင့် ကင်ဆာဖြစ်ပွားနှုန်း လျော့နည်းကျဆင်းလာပြီး ရေရှည်၌သက်သာ ပျောက်ကင်းသွားသည်ကို တွေ့ရှိကြရသည်။



ယူနိုက်တက်ကင်းဒမ်း ကင်ဆာသုတေသနဌာနကမူ "အစားအစာတစ်ခုခုကို စားသုံးခြင်းဖြင့် ကင်ဆာရောဂါအပေါ် အကျိုးသက်ရောက်မှုရှိသည်ဆိုသော အချက်မှာ သက်သေအထောက်အထား ရှင်းရှင်းလင်းလင်း မရှိသေးကြောင်း" သတိပေး ပြောကြားသည်။ ***အမ်အိုအယ်လ်။***

ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စုကြီး ပြဿနာဖြေရှင်းရန် အစ္စရေးပြင်ဆင်နေ

ဂျေရုဆလင် စက်တင်ဘာ ၈

လာမည့်လများအတွင်း ဂါဇာကမ်းမြောင်ဒေသသို့ လာရောက်မည့် သင်္ဘောအစင်း ၂၀ ပါဝင်သော ဧရာမ ဂါဇာထောက်ပံ့ရေး သင်္ဘောအုပ်စုပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အစ္စရေးနိုင်ငံက ပြင်ဆင်လျက်ရှိကြောင်း စက်တင်ဘာ ၈ ရက်သတင်းများတွင် ဖော်ပြသည်။

ဥရောပတိုက်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ပရဟိတအဖွဲ့များ စုပေါင်းဖွဲ့စည်းထားသော အဆိုပါ ဂါဇာထောက်ပံ့ရေး သင်္ဘောအုပ်စုကြီးကို အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (အိုင်ဒီအက်ဖ်)က ရေယာဉ်အုပ်စုအားလုံးတို့၏ မိခင်ဟု အမည်ပေးထားသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့သည် အဆိုပါ ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စုကြီးနှင့် ပတ်သက်၍ အနီးကပ်စောင့်ကြည့်လျက်ရှိပြီး သင်္ဘောစင်းရေများပြားသည်နှင့်အမျှ ဖြစ်လာနိုင်ဖွယ်ပြဿနာများကို ဖြေရှင်းနိုင်ရန် ပြင်ဆင်နေကြောင်း ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စုကို စီစဉ်သူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့် မေလအတွင်းက ဂါဇာကမ်းမြောင်ဒေသသို့ လာရောက်သော ထောက်ပံ့ရေးသင်္ဘောအုပ်စုနှင့် အစ္စရေးရေတပ်အထူးတပ်ဖွဲ့ဝင်များအကြား သွေးထွက်သံယို ပဋိပက္ခဖြစ်ပွားခဲ့ရာ သင်္ဘောများပေါ်တွင် လိုက်ပါလာသော တူရကီနိုင်ငံသား ကိုးဦးသေဆုံးခဲ့သည်။ ***အင်တာနက်။***

နိုင်ဂျီးရီးယား၌ အကျဉ်းထောင်တိုက်ခိုက်ခံရ အကျဉ်းသား ၈၀၀ ခန့် ထွက်ပြေးလွတ်မြောက်

ဘူချီ (နိုင်ဂျီးရီးယား) စက်တင်ဘာ ၈

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ဘူချီပြည်နယ်ရှိ အစ္စလာမ္မစ် အစွန်းရောက် အကြမ်းဖက်သမားများကို ထိန်းသိမ်းထားသော အကျဉ်းထောင်ကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အကျဉ်းသား ၈၀၀ ခန့် ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဘိုကိုဟာရမ် အစ္စလာမ္မစ် အစွန်းရောက်အဖွဲ့ဝင်များဟုယူဆရသော တိုက်ခိုက်ရေးသမားများသည် စက်တင်ဘာ ၇ ရက် ညနေပိုင်းတွင် အဆိုပါ အကျဉ်းထောင်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူလေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကာ အသက်အန္တရာယ်စိုးရိမ်ဖွယ်အခြေအနေရှိသည်ဟု ဘူချီပြည်နယ် ရဲမှူးယာအဒူမာက ပြောကြားခဲ့သည်။

ပုန်းခိုနေဖွယ်

လွတ်မြောက်သွားသော အကျဉ်းသားများသည် ဘူချီပြည်နယ်တောင်တန်းများ၌ ပုန်းခိုနေဖွယ်ရှိကြောင်း နိုင်ဂျီးရီးယား ထောက်လှမ်းရေးအဖွဲ့က ယူဆထားသည်။

၂၀၀၉ ခုနှစ် ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့သော ဘိုကိုဟာရမ် အစွန်းရောက်အဖွဲ့ဝင်များဟု ယူဆရသူများကို ထိုအကျဉ်းထောင်၌ ဖမ်းဆီးထိန်းသိမ်းထားသည်။ အဆိုပါ အကျဉ်းထောင်ကို လက်နက်ကိုင် စစ်ရဲတပ်ဖွဲ့ဝင်များက စောင့်ကြပ်လျက်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

စပိန်နိုင်ငံ အရှေ့ပိုင်း ဗလန်စီယာဒေသတွင် စက်တင်ဘာ ၇ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်သမားတစ်ဦးက ရေများဖျန်း၍ မီးငြိမ်းသတ်နေစဉ်။ *ဆင်ဟွာ။*

နှစ်ပတ်အတွင်း ဆိုမာလီအရပ်သား ၂၃၀ သေဆုံးခဲ့

မိုဂါဒစ်ရှူး စက်တင်ဘာ ၈

ဆိုမာလီနိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း အပြစ်မဲ့အရပ်သား အနည်းဆုံး ၂၃၀ သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ကြေညာသည်။ မြို့တော် မိုဂါဒစ်ရှူးတွင် အစိုးရတပ်များနှင့် အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားများအကြား ၁၄ ရက်ကြာတိုက်ပွဲအတွင်း ၄၀၀ ခန့်ဒဏ်ရာရရှိ၍ ၂၃၀၀၀ ကို ရွှေ့ပြောင်းနေရာချထားပေးခဲ့ရကြောင်း အဆိုပါရုံးက ပြောကြားသည်။

ယခုနှစ်ဆန်းပိုင်းကတည်းက အရပ်သား ၂၀၀၀ ကျော်သည် မိုဂါဒစ်ရှူးမြို့မှ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြပြီ ဖြစ်သည်။ ၁၉၉၁ ခုနှစ်၌ ဆိုမာလီဗဟိုအစိုးရပြိုလဲသွားပြီးနောက် ဆိုမာလီနိုင်ငံသည် ပြည်တွင်းစစ်ဖြင့် ရင်ဆိုင်နေရသည်။ ***အင်တာနက်။***

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း မော်လမြိုင်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်　　စက်တင်ဘာ　　၈

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းနေလင်းသည် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ကော့ပရံကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်မြေ၌ ကျင်းပသော မိုးစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် အထွက်တိုးစပါး ပျိုးပင်နမူနာများကို ရှင်းလင်းတင်ပြကြသည်။

ချီးမြှင့်ငွေ ပေးအပ်

ယင်းနောက် တိုင်းမှူးသည် ဒေသခံတောင်သူများ စုပေါင်းမြေသြဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော်　　စက်တင်ဘာ　　၈

ချင်းပြည်နယ် ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားပြီး ခရိုင်နှင့် မြို့နယ်မန်နေဂျာများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များသည် ဒေသဆန်ဖူလုံရေးအတွက် မိုးစပါး၊ လှေကားထစ်စပါး၊ တောင်ယာစပါးနှင့် နွေစပါးတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးကို ဆွေးနွေးညှိနှိုင်းကြသည်။

ပိုမိုစိုက်ပျိုးနိုင်

ချင်းပြည်နယ်၌ ၂၀၁၀ ခုနှစ် မိုးစပါးစိုက်ပျိုးနိုင်မှုမှာ စုစုပေါင်း ၁၃၈၇၄ ဧက ဖြစ်ပြီး ယခင်နှစ်ထက် ၅၀၁ ဧက ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကွယ်လွန်သူ ဒေါ်စမ်းစမ်းငွေ (၅၈)နှစ်အား ရည်စူး၍ ဆင်ကန်လမ်း ကျောက်တန်းမြို့နေ မိခင်ဒေါ်ခင်စိန် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တာချီလိတ်တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းဆင်း

တာချီလိတ်　စက်တင်ဘာ　၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၅၅/၂၀၁၀)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၂၅/၂၀၁၀) တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။ ထို့နောက် သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ရာ ခရိုင်ဥက္ကဋ္ဌဦးကျော်စွာထွန်းက ပညာ/လေ့ကျင့်ဦးစီးဌာနရုံးချုပ်မှ ပေးပို့သည့် အပ်ချုပ်စက်တစ်လုံးကို အဆင့်မြင့်စက်မှုထူးချွန်ဆုရသင်တန်းသူ မမြမြဝင်းအား လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး ကျော်ထွေးက အလားတူအပ်ချုပ်စက်တစ်လုံးကို အခြေခံစက်မှုထူးချွန်ဆုရသင်တန်းသူ မနာမီးအား လည်းကောင်း ပေးအပ်သည်။**(အပေါ်ပုံ)**

(ခရိုင်ပြန်/ဆက်)

စက်တင်ဘာ ၈ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ၌ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ နှစ်စဉ်ဆက်တိုက်ဆု၊ မြို့နယ်ဘက်စုံ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲဆုနှင့် စတုတ္ထတန်း ပထမဆုရရှိသော မနန်းဆီထောင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းမြင့် ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၁၀ (ကြာသပတေးနေ့)

AM & PM	
၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေ" တရားတော် (သန္တာဦးဆရာတော်ဘဒ္ဒန္တ ဝဏ္ဏသာမိ)
၆း၄၅	ထင်ရှားဖူးမြော် ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၈)**
၇း၃၀	**MRTV-4 သတင်း**
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၂)**
၈း၄၀	"တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ" (ဧရာဝတီတိုင်းဒေသကြီး ဥတို ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း)
၈း၅၅	အနာဂတ်ရဲ့ အလင်းရောင် II
၉း၀၅	ကြိုတင်အားဖြည့်ကွန်ကရစ် ဇလီဖားစက်ရုံ(ဥသျှစ်ပင်)
၉း၁၅	ဂျူချဲအိုင်ဒီယာ၏ သမိုင်းကြောင်း
၉း၂၅	Science For All (လေဝင်လေထွက် ကောင်းမွန်မျှတအောင်) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း)
၉း၅၅	အဝိဇ္ဇာအမှားသိမှ ဝိဇ္ဇာအမှန်သိကြောင်း
၁၀း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၅၀	The Champion of Dance
၁၁း၂၅	အင်းမအသင်း(ရန်ကုန်)၏ သတ္တမအကြိမ်စုပေါင်းဝါဆို သင်္ကန်းကပ်လှူပွဲ၊ သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	ရန်ကုန်မြင်ကွင်းကျယ် (Mr & Miss Smart & Style)
၁၂း၃၅	Make In A Delicious Way (Bollywood မှ စွဲမက်ဖွယ်ရာ အစားအစာများ)
၁း၀၀	"မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေ" တရားတော် (သန္တာဦးဆရာတော်ဘဒ္ဒန္တ ဝဏ္ဏသာမိ)
၁း၄၅	အံ့ဖွယ်တမူ "ဆဒ္ဒန်ဂူ"
၂း၀၀	MRTV-4 သတင်း
၂း၂၀	နေချင်စဖွယ်အိမ် အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ- မယ်လိုဒီ)
၂း၅၀	"တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ" (ဧရာဝတီတိုင်းဒေသကြီး ဥတို ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း)
၃း၀၀	ရန်ကုန်မြင်ကွင်းကျယ် (Talents & Models 2010 Graduation Show
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၈)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၂)**
၄း၄၀	ကြိုတင်အားဖြည့်ကွန်ကရစ် ဇလီဖားစက်ရုံ(ဥသျှစ်ပင်)
၄း၅၅	အင်းမအသင်း(ရန်ကုန်)၏ သတ္တမအကြိမ်စုပေါင်းဝါဆို သင်္ကန်းကပ်လှူပွဲ၊ သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
၅း၀၅	ဓာတ်ပုံထဲမှအမှတ်တရများ (အကယ်ဒမီပန်းဖြူနှင့်တွေ့ဆုံခြင်း)
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	အာကစားမြင်ကွင်းစုံ
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၉)**
၇း၁၅	Style ရှိမှStarဖြစ်မယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (ကိုယ်ပိုင်ကားရှိတာကောင်းတယ်၊ ကိုယ်ပိုင်ကားမရှိတာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၃)**
၁၀း၁၀	အနုပညာမိုးကောင်းကင်
၁၀း၃၅	ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့တေးလက်ဆောင်- အိမ့်ချစ်)
၁၁း၀၀	ဂျူချဲအိုင်ဒီယာ၏ သမိုင်းကြောင်း
၁၁း၁၅	ထူးထူးခြားခြားသစ်ခေါက်ပန်းချီကား
၁၁း၂၅	ရန်ကုန်မြင်ကွင်းကျယ် (Mr & Miss Smart & Style)
၁၁း၄၅	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၁၁း၅၅	သင်ယူလေ့လာဂီတပညာ (VOCAL TRAINING MODULE ; 01)
၁၂း၁၅	ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကာကွယ် တားဆီးခြင်း (ပါမောက္ခဒေါက်တာစောနောင်)
၁၂း၄၅	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁း၂၀	အားကိုးအားထား (ဖိုးသောကြာ၊ အကယ်ဒမီမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-ကောင်းမြတ်)
၁း၃၅	စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၁း၅၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (လေးလေးနွယ်)
၂း၁၅	ကျိုးသဲမြို့မှ စည်းလုံးချည်
၂း၂၅	လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
၂း၅၀	စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလား ဥသဖရား) (အပိုင်း-၁)
၃း၂၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၂၀	အံ့ဖွယ်တမူ "ဆဒ္ဒန်ဂူ"
၄း၃၀	အဝိဇ္ဇာအမှားသိမှ ဝိဇ္ဇာအမှန်သိကြောင်း
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဗဟန်းမြို့နယ် မြို့နယ်အဆင့်မြင့်ကျောင်းထူထောင်ရေး ဆင့်ပွားသင်တန်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက်က အမက(၁) ဗဟန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီက ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များနှင့် ဆယ်ကျော်သက် ကျန်းမာရေး အသိပညာပေး ဆွေးနွေးပို့ချစဉ်။ (ကြေးမုံ)

ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းခွင် ရေလမ်းကြောင်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

ရန်ကုန်　　စက်တင်ဘာ　　၈

တည်ဆောက်ဆဲ ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းအား အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၆)နှင့် (၁၇)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၅)နှင့် (၁၆)အကြားမှ လည်းကောင်း သတ်မှတ်ပေးထားသည်။ သတ်မှတ်ရေလမ်းများ၏ ကင်းလွတ်အကျယ်မှာ မီတာ ၈၀ ရှိသည်။

ရေလယ်တိုင်အမှတ်များအား တည်ဆောက်ဆဲ ရေလယ်တိုင်များပေါ်တွင် ရေးသားထားသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် အဆန်ရေလမ်း၏ လက်ယာဘက်တွင် အဖြူရောင်မြား အမှတ်အသားနှင့် လက်ဝဲဘက်တွင် အနီရောင်မြား အမှတ်အသား ပြသထားသကဲ့သို့ အစုန်ရေလမ်း၏ လက်ဝဲဘက်တွင် အဖြူရောင်မြား အမှတ်အသားနှင့် လက်ယာဘက်တွင် အနီရောင်မြား အမှတ်အသားများ ပြသထားသည်။ ညအခါ ရေယာဉ်များဝင်ရောက်ရမည့် ဝင်ပေါက်ရေလယ်တိုင်များတွင် မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသပြီး ညအခါ မီးနီထွန်း ပြသထားသည်။

တည်ဆောက်ရေး လုပ်ငန်းခွင်၏ အထက်ဘက်ရှိ စက္ကော့တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေယာဉ်တစ်စီးသည် လည်းကောင်း၊ အောက်ဘက်တွင် ရေကြောင်းပြ ပဲ့ထောင်ရေယာဉ်တစ်စီးသည် လည်းကောင်း ရေလမ်းသတင်းပေးရန် အခြေပြုထားပြီး တံတားရေလမ်းအား ဖြတ်သန်းမည့် ရေယာဉ်များအနေဖြင့် ရေလမ်းသတင်းရယူပြီးမှ ဖြတ်သန်းကြရန် ဖြစ်သည်။

တံတားရေလမ်းအား ဖြတ်သန်းကြမည့် ရေယာဉ်များအနေဖြင့် သတ်မှတ်ရေလမ်းအတွင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်ဖြစ်သည်။ အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် စက်ရှိန်လျှော့ ခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန်　စက်တင်ဘာ　၈

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုဂ္ဂလိကလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Ever Flow River Group of Companies ၏ ကူညီပံ့ပိုးမှုတို့ဖြင့် စက်တင်ဘာ ၁၁ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးကျော်တင့်ဆွေ (ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး - ငြိမ်း) က "မြန်မာနှင့် အာဆီယံ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ခဲ့ အသက် (၅)နှစ်ပြည့်ပြီးကလေးများ၏ ကျောင်းဝင်နှုန်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ၉၈ ဒသမ ၃၇ ရာခိုင်နှုန်းထိ တိုးတက်လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❑ ရွှေ့ဖုံးမှ

ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူလေးများဖြစ်ကြသည့် မထက်ဝန်းနန္ဒီအေးနှင့် မဖူးခက်ဝေတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ နေပြည်တော် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "တို့အင်တို့အား" သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို မိမိတို့နိုင်ငံသားများ၏ ကိုယ်ပိုင် အမျိုးသားရေးစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နေသည့် ယနေ့အချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ ဘက်စုံကဏ္ဍစုံတွင် ဖြစ်ထွန်းနေစေရန်နှင့် ပညာရပ်နယ်ပယ်စုံ၌ အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင် မွေးထုတ်ပေးရန် လိုအပ်သကဲ့သို့ ပညာရပ်အသီးသီးကို လေ့လာရယူနိုင်စေရန်အတွက် နိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း။

ခိုင်ခိုင်မြဲမြဲဖြစ်ထွန်းနေ

စာတတ်မြောက်ရေးလုပ်ငန်းကို ကမ္ဘာနှင့်အဝန်း ဖြန့်ကြက်လွှမ်းခြုံ ဆောင်ရွက်နိုင်စေရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၆၆ ခုနှစ်မှစပြီး နှစ်စဉ် စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (International Literacy Day) အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း၊ ထိုအချိန်မှစပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ တာဝန်တစ်ရပ်အနေနှင့်ရော၊ မိမိနိုင်ငံက အားထုတ်ကြိုးပမ်းဆောင်ရွက်နေသည့် စာတတ်မြောက်ရေးလုပ်ငန်းများကို ဂုဏ်ပြုသည့်အနေဖြင့်ပါ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်မပျက် ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ကောင်းမြတ်သည့် အစဉ်အလာတစ်ရပ်အဖြစ် ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း။

ကမ္ဘာ့စာမတတ်မြောက်မှု အခြေအနေကို ကြည့်လျှင် ၂၀၁၀ ခုနှစ်အတွက် တစ်ကမ္ဘာလုံး၌ သက်ကြီးစာမတတ်သူ ၇၅၉ သန်းရှိနေပြီး စာမတတ်သူ သုံးယောက်အနက် နှစ်ယောက်သည် အမျိုးသမီးများ ဖြစ်နေသည်ကို တွေ့ရှိနေရကြောင်း၊ ထို့ကြောင့် ယူနက်စကိုအဖွဲ့ကြီးက ၁၉၉၀ ခုနှစ်က ထိုင်းနိုင်ငံ ဂျွန်တီယမ်မြို့၌ 'လူတိုင်းအတွက် ပညာရေး'ဆိုင်ရာ ညီလာခံနှင့် ၂၀၀၀ ပြည့်နှစ်က ဆီနီဂေါနိုင်ငံ ဒါကာမြို့တွင် ကမ္ဘာ့ပညာရေးညီလာခံများ ကျင်းပပြီး ကမ္ဘာ့သက်ကြီး စာမတတ်မှုနှုန်းကို လျှော့ချနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်ခဲ့သကဲ့သို့ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး (General Assembly of the United Nations) ကလည်း ကမ္ဘာ့နိုင်ငံများအနေဖြင့် စာတတ်မြောက်ရေးလုပ်ငန်းကို အထူးကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၁၀ နှစ်တာကာလကို ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ် (United Nations Literacy Decade) အဖြစ် သတ်မှတ်ပြီး နိုင်ငံအလိုက် စာတတ်မြောက်လာစေရေးလုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် နှိုးဆော်ဆောင်ရွက်လျက်ရှိကြောင်း။

မြင့်တက်လာခဲ့

မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုအခြေအနေကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် ၁၈၈၆ ခုနှစ်မတိုင်မီ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ဘုရင် ကိုယ့်သခင်နှင့် နေထိုင်ခဲ့ကြစဉ်က စာတတ်မြောက်မှု ၈၅ ရာခိုင်နှုန်းအထိ မြင့်မားခဲ့သော်လည်း နယ်ချဲ့လက်အောက် ကျရောက်ခဲ့ပြီး ကိုလိုနီပညာရေးစနစ်အောက်တွင် စာတတ်မြောက်မှုနှုန်း နိမ့်ကျလာခဲ့ရာ ၁၉၄၈ ခုနှစ် တိုင်းပြည်လွတ်လပ်ရေးရရှိချိန်တွင် စာတတ်မြောက်မှုနှုန်း ၃၅ ရာခိုင်နှုန်းအထိ နိမ့်ကျသွားခဲ့ကြောင်း၊ သို့ရာတွင် လွတ်လပ်ရေးရရှိချိန်မှစပြီး နိုင်ငံတော်၏ အစီအမံဖြင့် 'လူထုပညာရေး သင်တန်းနှင့် အသုံးလုံးကျေသင်တန်းများ'၊ 'ဘဝသစ်ဖန်တီးမှု ပညာရေးစီမံကိန်း' နှင့် 'ဘုန်းတော်ကြီးကျောင်း ပညာရေးစီမံကိန်း' အစရှိသည့် စီမံကိန်း၊ စီမံချက်၊ လုပ်ငန်းများ ချမှတ်ဆောင်ရွက်ခဲ့သည့်အတွက် ၁၉၆၃ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်းသည် ၅၇ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း။

စာတတ်မြောက်မှုအရှိန်အဟုန် မြင့်မားရေးအတွက် ၁၉၆၄ ခုနှစ်တွင် မိတ္ထီလာခရိုင်ကစ၍ အသုံးလုံးကျေ စာတတ်မြောက်ရေးလှုပ်ရှားမှုကို စတင်ခဲ့ပြီး မြန်မာနိုင်ငံစာတတ်မြောက်ရေးဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် နှစ်စဉ် စာတတ်မြောက်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့သည့်အတွက် ၁၉၆၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း ၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် ပြည်နယ်နှင့် တိုင်းလုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲများ ဆင်နွှဲနိုင်ခဲ့ပြီး ဤသို့ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလုပ်ငန်း စွမ်းဆောင်နိုင်မှုများကြောင့် ယူနက်စကိုအဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်သည့် 'မိုဟာမက်ရီဇာပါလာဗီဆု'ကို ၁၉၇၁ ခုနှစ်တွင် လည်းကောင်း၊ 'နိုမာဆု' ကို ၁၉၈၃ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့ကြောင်း။

ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အနေဖြင့် ကျန်းမာသန်စွမ်းပြီး ပညာရည်မြင့်မားသည့် နိုင်ငံသူ၊ နိုင်ငံသားများကသာလျှင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်ရေးတို့အတွက် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မည်ဆိုသည့် ခံယူချက်ဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အမျိုးသားရေးဦးတည်ချက် တစ်ရပ်အဖြစ် ထားရှိပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

'ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့' ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြောင်းလဲလာသော ပညာရေးအယူအဆများနှင့်အညီ ကျောင်းပညာရေး (Formal Education)၊ ကျောင်းပြင်ပပညာရေး (Non-Formal Education) စသည့် ပညာရေးကဏ္ဍအသီးသီးမှ စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့နိုင်ငံတော်၏ ပညာရေးကကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများကိုကြည့်လျှင် ကျောင်းပညာရေးကဏ္ဍမှာရော၊ ကျောင်းပြင်ပ ပညာရေးကဏ္ဍမှာပါ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပညာသင်ယူမှုသည် စာသင်ခန်းထဲတွင်သာ မဟုတ်တော့ဘဲ နေရာတိုင်းတွင် ဖြစ်ထွန်းနေပြီး လူတစ်ဦးချင်း၏ ဖွံ့ဖြိုးတိုးတက်မှု၊ မိမိပတ်ဝန်းကျင် ရပ်ရွာဒေသ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများနှင့် တစ်သားတည်း ဆက်စပ်ဖြစ်ထွန်းနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ကျောင်းပညာရေးအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးကို ရည်မှန်းချက်တစ်ရပ်အနေဖြင့် ချမှတ်ပြီး အမျိုးသားရေးလူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ခဲ့သည့်အတွက် အသက်(၅)နှစ်ပြည့်ပြီးကလေးများ၏ ကျောင်းဝင်နှုန်းသည် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

၁၈၈၆ ခုနှစ်မတိုင်မီ ကိုယ့်ထီး ကိုယ့်နန်း၊ ကိုယ့်ဘုရင် ကိုယ့်သခင်နှင့် နေထိုင်ခဲ့ကြစဉ်က စာတတ်မြောက်မှု ၈၅ ရာခိုင်နှုန်းအထိ မြင့်မားခဲ့သော်လည်း နယ်ချဲ့လက်အောက် ကျရောက်ခဲ့ပြီး ကိုလိုနီပညာရေးစနစ်အောက်တွင် စာတတ်မြောက်မှုနှုန်း နိမ့်ကျလာခဲ့ရာ ၁၉၄၈ ခုနှစ် တိုင်းပြည်လွတ်လပ်ရေးရရှိချိန်တွင် စာတတ်မြောက်မှုနှုန်း ၃၅ ရာခိုင်နှုန်းအထိ နိမ့်ကျသွားခဲ့။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ကုလသမဂ္ဂဆိုင်ရာ ခေတ္တဌာနေညှိနှိုင်းရေးမှူး Dr. Shin Imai ဖတ်ကြားစဉ်။ (သတင်းစဉ်)

ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့် ဖတ်ကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ဗိုလ်ချမ်းငြိမ်းသူ(ချမ်းငြိမ်းသူ) အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❖ **စာမျက်နှာ ၇ မှ**

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ၉၈ ဒသမ ၃၇ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ပြီး အခြေခံပညာအဆင့်အလိုက် လွယ်ကူအဆင်ပြေစွာ တက်ရောက်သင်ယူနိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာအရ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မူလတန်းအဆင့်သင်ကျောင်း ၂၈၈၉၇ ကျောင်း၊ မူလတန်းလွန်ကျောင်း ၆၆၅၁ ကျောင်း၊ အလယ်တန်းအဆင့် သင်ကျောင်း ၃၀၂၂ ကျောင်းနှင့် အထက်တန်းအဆင့်သင်ကျောင်း ၂၃၀၅ ကျောင်း စုစုပေါင်း ၄၀၈၇၅ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ပညာဆက်သင်နိုင်ရန်

ထို့အပြင် လုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်နေသည့် မိသားစုများ၏ ကလေးငယ်များ အခက်အခဲမရှိ ပညာသင်ယူနိုင်စေရန် ရွှေ့လျားကျောင်း (Mobile School)များ ဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့ စာတတ်မြောက်ရေးသင်တန်းက စာတတ်မြောက်လာကြသူများ၊ ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ခဲ့ကြသူများအတွက် ပညာဆက်လက်သင်ယူနိုင်စေရန် ကျောင်းပြင်ပမူလတန်းပညာရေး (Non-Formal Primary Education) အစီအစဉ်များကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤကဲ့သို့ပင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်ကြသည့် မသန်စွမ်းကလေးများအတွက် ပုံမှန်ကလေးများကဲ့သို့ပင် ပညာသင်ယူနိုင်ကြမည့် "လူတိုင်းအကျုံးဝင်ပညာရေး(Inclusive Education)" ကိုလည်း ဖော်ဆောင်ပေးလျက်ရှိကြောင်း။

ကျောင်းပြင်ပ ပညာရေး

နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိရေးအတွက် ကျောင်းပညာရေးကဏ္ဍက ယခုကဲ့သို့ အားစိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ငယ်ရွယ်စဉ်က အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ကြရသူများအတွက်

အစိုးရနှင့်ပြည်သူ အတူတကွ ကြိုးပမ်းမှုကြောင့် ၂၀၁၀ ခုနှစ်အတွက် မြန်မာနိုင်ငံ သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းရှိ အာရှနှင့် ပစိဖိတ်ဒေသအတွင်း စာတတ်မြောက်မှုနှုန်း မြင့်မားသည့်နိုင်ငံဖြစ်

ကျောင်းပြင်ပ ပညာရေးကဏ္ဍမှ "အခြေခံစာတတ်မြောက်ရေး (Basic Literacy)" နှင့် "စဉ်ဆက်ပညာရေး(Continuing Education)" အစီအစဉ်များကို စနစ်တကျ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

သက်ကြီး စာတတ်မြောက်မှု

ယခုနှစ် ၂၀၁၀ ခုနှစ်တွင်ဆိုလျှင် ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးက မိမိတို့ဒေသအခြေအနေဖြင့် ကိုက်ညီဆီလျော်သည့် လုပ်ငန်းစီမံချက်များ ချမှတ်ရေးဆွဲပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု၊ ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုများဖြင့် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းကို နယ်စပ်ဒေသအပါအဝင် နိုင်ငံအဝန်းတွင် စာသင်ဝိုင်းပေါင်း ၂၁၂၆၁ ဝိုင်း ဖွင့်လှစ်၍ သင်ပြသူပေါင်း ၄၁၂၉၃ ဦးက သင်ပြဆောင်ရွက်ပေးခဲ့သည့်အတွက် ၉၂၅၈၀၆ ဦး စာတတ်မြောက်လာခဲ့ကြောင်း၊ ဤကဲ့သို့ စာတတ်မြောက်လာသူများထဲတွင် နယ်စပ်ဒေသ တိုင်းရင်းသားများအတွက် ဖွင့်လှစ်ပေးခဲ့သော အသုံးလုံးကျေသင်တန်းများမှ တိုင်းရင်းသားပြည်သူ ၁၇၅၈၆၁ ဦး အပါအဝင်ဖြစ်ကြောင်း၊ အစိုးရနှင့်ပြည်သူ အတူတကွ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ၂၀၁၀ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းအထိ ရှိလာခဲ့ပြီဖြစ်ပြီး မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသအတွင်း စာတတ်မြောက်မှုနှုန်း မြင့်မားသည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိနေကြောင်း။

ဤသို့ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမြင့်မားမှုသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာ ဂုဏ်ဒြပ်တစ်ရပ်ဖြစ်သကဲ့သို့ မိမိနိုင်ငံ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြံဆောင်ကြိုးပမ်း ဆောင်ရွက်ရာတွင်လည်း တန်ဖိုးမဖြတ်နိုင်သည့် စွမ်းရည်တစ်ရပ်ပင်ဖြစ်ကြောင်း၊ ထို့အပြင် မိမိနိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ အဆင့်အတန်း မြင့်မားမှုကို ထင်ဟပ်ဖော်ပြနေသည့် ဂုဏ်ရည်တစ်ရပ်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း၊ ကျောင်းပြင်ပ ပညာရေးကဏ္ဍတွင် အခြေခံစာတတ်မြောက်မှုနှုန်း မြင့်မားလာသည်နှင့်အမျှ တတ်မြောက်ထားသည့်စာကို အသုံးချပြီး ပညာ ဆက်လက်ရယူနိုင်ရေးအတွက် စာဖတ်ရှုနိုင်မြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေး၊ ဘဝသာယာရေး အစီအစဉ်များ ပါဝင်သည့် "စဉ်ဆက်ပညာရေးအစီအစဉ် (Continuing Education Programme)" များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခြေခံစာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေး စသည့် ကျောင်းပြင်ပ ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကျေးလက်သင်ယူမှုဌာနများဖြစ်သည့် "ရပ်ရွာပညာ ပဒေသာဌာန (Community Learning Centre)"များကိုလည်း ထူထောင်ဖွင့်လှစ်ပေးခဲ့ရာတွင် နိုင်ငံအဝန်း၌ ၂၀၁၀ ခုနှစ်အထိ ရပ်ရွာပညာပဒေသာဌာနပေါင်း ၂၇၀၀ ကို ထူထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ပံ့ပိုးကြိုးပမ်းမှုဖြင့် ပေါ်ပေါက်လာခဲ့သည့် ကျေးလက်စာကြည့်တိုက်ပေါင်း ၅၅၇၅၅ ခုသည်လည်း ရပ်ရွာပညာပဒေသာဌာနများကို ကြီးမားစွာ အထောက်အကူပြုလျက်ရှိကြောင်း။

ကျောင်းပညာရေးအရရော၊ ကျောင်းပြင်ပ ပညာရေးအရပါ စာပေပညာတတ်မြောက်မှု၊ ပညာဉာဏ်ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ကျန်းမာရေး၊ လူမှုရေးအသိပညာမြင့်မားမှု၊ မိသားစုဝင်ငွေ တိုးတက်မှုနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ခိုင်မာနေမှု စသည့် အခြေခံကောင်းများ ရရှိဖြစ်ထွန်းနေသည့် အချိန်အခါကောင်းတွင် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အနှစ်သာရဖြစ်သည့် "ဘဝစီမံခန့်ခွဲမှု စာတတ်မြောက်ရေးအခြေပြု (Literacy and Empowerment)"ဆိုသည့် ဆောင်ပုဒ်နှင့် "အမျိုးသမီးစွမ်းရည်မြင့်မားဖို့ စာတတ်မြောက်ရေး အားပေးစို့ (The Power of Women's Literacy)" ဆိုသည့် ၂၀၁၀ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် ဆောင်ပုဒ်များနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည့် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် -

- **မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး စာတတ်မြောက်ရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတာဝန်များကို မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **အခြေခံစာတတ်မြောက်ပြီး စဉ်ဆက်ပညာရေးကတစ်ဆင့် ပညာဆက်လက်ရယူလာနိုင်သည်နှင့်အမျှ မြန်မာ့လူ့အဖွဲ့အစည်းကို အစဉ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် ထူထောင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **လူတိုင်းစာပေတတ်မြောက်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် ပညာရယူနိုင်မှု အခြေခံဖြစ်သည့် စာတတ်မြောက်ရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းမှာကြားသည်။**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန် ကြီး ချုပ် ဦး သိန်း စိန် ၂၀၁၀ ခုနှစ် နိုင်ငံ တကာ စာတတ်မြောက် ရေးနေ့ အထိမ်း အမှတ် အခမ်း အနားသို့ တက် ရောက်လာကြ သူ များ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" သီချင်းကို သီဆိုတီးမှုတ်ဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ပြခန်း၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ စာတတ်မြောက်ရေး လှုပ်ရှားမှုပြကွက်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့သဝဏ်လွှာကို ကုလသမဂ္ဂဆိုင်ရာ ခေတ္တဌာနေ ညှိနှိုင်းရေးမှူး Dr. Shin Imai က ဖတ်ကြားသည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်က ဖတ်ကြားသည်။

ဆက်လက်၍ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" သီချင်းကို သီဆိုတီးမှုတ်ကြသည်။



ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆုရ မစိုးရတနာအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ၂၀၁၀ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်က အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် "အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းပေါ်ထွန်းလာရေး" ခေါင်းစဉ်ဖြင့် ပထမဆုရ ဗိုလ်ချမ်းငြိမ်းသူ(ချမ်းငြိမ်းသူ)၊ ဒုတိယဆုရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ချောစုကြည်နှင့် တတိယဆုရ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)တို့အား လည်းကောင်း၊ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ တောင်ငူ ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ပထမနှစ်သင်တန်းသူ မသွယ်မီကြိုင်၊ ဒုတိယဆုရ ဘားအံပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းသူ မသီရိစိုးနှင့် တတိယဆုရ မော်လမြိုင် ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းသူ မလဲ့စန္ဒာမွန်တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေးက အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ရေနံချောင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ကောင်းမြတ်စံ၊ ဒုတိယဆုရ မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မခိုင်မဥ္ဇူသင်းနှင့် တတိယဆုရ တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဝေဝေခိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပထမဆုရ မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မစိုးရတနာ၊ဒုတိယဆုရ ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ကျော်စိုးဟန်နှင့် တတိယဆုရ မော်လမြိုင်မြို့ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းမှ ပဥ္စမတန်းကျောင်းသား မောင်ဖြိုးပြည့်မိုးအောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစာတတ်မြောက်ရေးကြိုးပမ်းမှု ဗီဒီယိုအစီအစဉ်ကို ပြသသည်။

ယင်းနောက် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ရေဆင်း အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "လူတိုင်းအတွက်ပညာရေး" သီချင်းဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဆုရရှိကြသူများနှင့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ၂၀၁၀ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားပြခန်း၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ စာတတ်မြောက်ရေး လှုပ်ရှားမှုပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၃ ရက်က အထက(၁) မင်္ဂလာတောင်ညွန့် မြတ်မင်္ဂလာခန်းမ၌ ကျင်းပပြီး ပူးပေါင်းအဖွဲ့သည် သပြေကုန်းရပ်ကွက် ကန်တော်ကလေး(တောင်ပိုင်း)၊ (အနောက်ပိုင်း)၊ (အရှေ့ပိုင်း)၊ ဖို့မြေရပ်ကွက်နှင့် သိမ်ဖြူရထားရပ်ကွက်များရှိ နာတာရှည်ဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေး၍ ဆေးဝါးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (၃၂)

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်

World First Aid Day

11th September, 2010

"First Aid for All"

"အားလုံးတွက်တာ ရှေးဦးပြုစုခြင်းပညာ"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးဆိုင်ရာ လုပ်ငန်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၀)အား ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဆောက်အအုံ ဗဟိုဌာန (IBC)၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု ဆောင်ရွက်ချက် အတွေ့အကြုံများ၊ မသန်စွမ်းသူ ကလေးသူငယ်များ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ချက် အတွေ့အကြုံများကို UNICEF, INGO, NGO နှင့် မြို့နယ်များမှ လူမှုဝန်ထမ်းအရာရှိ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက ပြန်လည်ဆွေးနွေးခဲ့သည်။

(လူမှုဝန်ထမ်း)

★ ကျောဖုံးမှ

ကစားသော်လည်း Southern နောက်တန်းအမှားမရှိခဲ့သလို ရရှိခဲ့သည့် အခွင့်အရေးများကိုလည်း တိုက်စစ်မှူးများ အသုံးမချနိုင်ခဲ့ပေ။ Southern အတွက် ဒုတိယဂိုးကို နာကျင်အချိန်ပိုတွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ပရင့်ဇ်က သွင်းယူပေးခဲ့သည်။

Southern အသင်းမှာ ကွာတားဖိုင်နယ်တွင် ရတနာပုံကို အနိုင်ရလာသည့် မကွေးအသင်းနှင့် တွေ့ဆုံရမည်ဖြစ်သည်။

အောင်ဆန်းကွင်း

ကမ္ဘောဇ - သုံးဂိုး

(စိုးမြတ်မင်း၊ ခင်မောင်လွင်နှင့် စိုးမင်းဦး)

ရက္ခပူရ - ဂိုးမရှိ

ကမ္ဘောဇအသင်းသည် ကွာတားတွင် ကာကွယ်ရေးအသင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။

၁၁-၉-၂၀၁၀

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ

သုဝဏ္ဏကွင်း

ရန်ကုန်ယူနိုက်တက် - ဥသျှောယူနိုက်တက်

KBZ ကွင်း

ကမ္ဘောဇ-ဇေယျာရွှေမြေ

ဗထူးကွင်း

ရတနာပုံ - ဇွဲကပင်ယူနိုက်တက်

(ကြေးမုံ)

❍ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ

(ဂ)တတိယအသုတ်

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်း ပို့ချမည့်ရက်	စာမေးပွဲကျင်းပမည့်ရက်
၁။	ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်	မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်း၊ စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ	၁၀-၁၁-၂၀၁၀ မှ ၁၉-၁၁-၂၀၁၀ ထိ	၂၂-၁၁-၂၀၁၀ မှ ၂၉-၁၁-၂၀၁၀ ထိ

အသေးစိတ် အချိန်ဇယားများကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ဌာနခွဲအသီးသီးတို့၌ လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် ဌာနခွဲအသီးသီးတို့၌ လည်းကောင်း ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက် နေ့လယ်-ည) ၉-၉-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော်(အာဋ္ဌာနာဋိယသုတ်+ ဂုဏ်တော်ကွန်ချာ)
ဓမ္မပူဇာတေးတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (ဓမ္မပဒလာဆုံးမစာများ)
၈း၃၅ တေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (ဇော်ဝင်းနိုင်)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာ ဝါးဦးထုပ်ပြုလုပ်နည်း)
၁၂း၃၀ Music Talk တေးပဒေသာ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀ အမှတ်တရတေးလက်ဆောင်
၅း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (လွမ်းလျက်ရှိနေ အမိတက္ကသိုလ်မြေ)တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ရေဒီယိုဇာတ်လမ်းတွဲများ (ရောင်ပြန်မေတ္တာ-ဒုတိယပိုင်း)
၆း၀၀ ညနေခင်းသတင်း
၆း၁၀ ညနေခင်းတေးပဒေသာ
၆း၂၅ ကျေးလက်ဇာတ်လမ်း (နေရောင်ခြည်)
၆း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀ နိုင်ငံတကာသတင်း
၇း၀၅ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၇း၃၀ သုတစုံကြွယ်သိစေဖွယ် (သူများပျော်လို့မပျော်နိုင်)
၇း၄၀ ရေဒီယိုအတိတ်တေးအရိပ်
၈း၀၀ ပြည်တွင်းသတင်း
၈း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (တေးသံရှင်ထူးအယ်လ်လင်းနှင့် မီးမီးခဲတို့ဇနီးမောင်နှံ)
၈း၅၀ သူ့လက်သံ (ဦးအောင်ရှိန်ရဲ့ မယ်ဒလင်လက်သံ) စီးပွားရေးဦးတည်ချက်
၉း၀၀ ဆောင်းပါး (စိတ်နှလုံးအေးချမ်းစွာ နေထိုင်လိုရင်)
၉း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း အမ်းတပ်နယ်မိသားစုများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် စက်တင်ဘာ ၂ ရက်တွင် အမ်းမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုပေးအပ်ကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်တွေမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

စစ်တွေမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးခန့်နှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောလှိုင်က မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ နည်းဥပဒေများကို ရှင်းလင်းပို့ချသည်။

သင်တန်းတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် မြို့နယ် ဥပဒေအရာရှိ ဒေါ်အေးအေး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းတန်အောင်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမျိုးနိုင်တို့က သင်တန်းပို့ချကြပြီး မဲရုံ၌ မဲပေးပုံ အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြကြသည်။

အဆိုပါသင်တန်းသို့ စစ်တွေမြို့နယ်အတွင်းရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူနှင့် မဲလက်မှတ် ထုတ်ပေးသူ ၆၉၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၃၀ ရက်မှ ၃၁ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်း ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၁၀) သင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ အဆိုပါ သင်တန်းတွင် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၃၉ ဦးတို့သည် ရက်သတ္တ ခြောက်ပတ်ကြာ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသင်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

BCA Academy ဝင်ခွင့်စာမေးပွဲ လာရောက်စစ်ဆေးမည်

ရန်ကုန် စက်တင်ဘာ ၈

စင်ကာပူနိုင်ငံ BCA Academy ဝင်ခွင့်စာမေးပွဲကို မြန်မာနိုင်ငံ၌ အောက်တိုဘာ ၁၀ ရက်တွင် အဆိုပါကျောင်းမှ တိုက်ရိုက်လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း သိရှိရသည်။ ကျောင်း၏ မြန်မာနိုင်ငံ တရားဝင်ကိုယ်စားလှယ်မှာ Future Way Education & Services ဖြစ်သည်။ BCA Academy သည် အဆင့်မြင့်အဆောက်အအုံများ၊ အကောင်းဆုံးသော ပတ်ဝန်းကျင်ရှုခင်းများ တည်ဆောက်နိုင်ရန် အရည်အချင်းပြည့်မီသည့် အင်ဂျင်နီယာပညာရှင်များအား လေ့ကျင့်မွေးထုတ်ပေးနေသော ကျောင်းဖြစ်သည်။

စင်ကာပူနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းများကို အောင်အောင်မြင်မြင်ပြီးမြောက်အောင် ဖော်ဆောင်ရန် လိုအပ်နေသည့် ခေတ်သစ်နည်းပညာကျွမ်းကျင်ပညာရှင်များအား ပေါ်ထွက်လာအောင် အဓိကထား ပျိုးထောင်ပေးနေသော ကျောင်းဖြစ်ခြင်းကြောင့် ကျောင်းပြီးပါက အလုပ်အကိုင် အခွင့်အလမ်းများရရန် သေချာသည်။ ထို့ကြောင့် ကျောင်းသားအများစု ရွေးချယ်ကြသော ကျောင်းဖြစ်သည်။

ထိုဝင်ခွင့်စာမေးပွဲကို မြန်မာနိုင်ငံမှ အခြေခံပညာ ၁၀ တန်း (သို့) GCE 'O' Levelအောင်မြင်ထားသူတိုင်း ဝင်ရောက်ဖြေဆိုနိုင်ပြီး Construction Engineering, Mechanical Engineering (Green Building Technology), Strategic Facilities Management, Electrical Engineering & Clean Energy, Building Information Engineering နှင့် Design ဘာသာရပ်ခြောက်မျိုးအနက်မှ မိမိနှစ်သက်ရာကို ရွေးချယ်တက်ရောက်နိုင်ကြောင်း သိရသည်။ ဒီဇိုင်းဘာသာရပ်ကို ရွေးချယ်ထားသူများသည် ဝင်ခွင့်စာမေးပွဲတွင် Englishနှင့် ပုံဆွဲဘာသာရပ်တို့ကို ဖြေဆိုရမည်ဖြစ်ပြီး ကျန်ဘာသာရပ် ငါးခုထဲမှ ရွေးချယ်ထားသူများမှာ ဝင်ခွင့်စာမေးပွဲတွင် အင်္ဂလိပ်စာနှင့် သင်္ချာတို့ကို ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။ စာမေးပွဲဖြေဆိုချိန်မှာ တစ်ဘာသာကို တစ်နာရီခွဲကြာမြင့်မည်ဖြစ်ပြီး အင်္ဂလိပ်စကားပြောစစ်ဆေးမှုလည်း ပါဝင်မည်ဖြစ်သည်။

အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပမည့် BCA စာမေးပွဲကို အလွယ်တကူဖြေဆိုနိုင်ရန်အတွက် Future Way မှ သင်တန်းဖွင့်လှစ်ကာ ကျွမ်းကျင်ဆရာဆရာမများက မေးခွန်းဟောင်းများဖြင့် အထူးကြပ်မတ် သင်ကြားပေးမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများသည် BCA Academyတွင် သုံးနှစ်စာပညာသင်စရိတ်၏ ၆၀ ရာခိုင်နှုန်းကို စကောလားရှစ် ရရှိနိုင်သည့် အခွင့်အလမ်းရှိသည်။

အသေးစိတ်သိရှိလိုပါက စက်တင်ဘာ ၁၈ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ Future Way ၌ ထပ်မံကျင်းပမည့် Info-Talkသို့ တက်ရောက်ရန် ကြိုတင်စာရင်း ပေးသွင်းနိုင်ကြောင်း၊ Info-Talk ပြုလုပ်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာလည်း ဩဂုတ် ၂၇ ရက် တွင် စစ်ဆေးပေးခဲ့သော BCA ဝင်ခွင့် စာမေးပွဲအတွက် မှတ်ပုံတင်ကြေးသွင်းရာတွင် နောက်ကျခဲ့သဖြင့် ဝင်ခွင့်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုခွင့်မရရှိခဲ့သော ကျောင်းသားများ၊ သတ်မှတ်လူဦးရေ ကျော်လွန်သွားသဖြင့် Info-Talkသို့ မတက်ရောက်ရသော ကျောင်းသား၊ ကျောင်းသူများ၊ မိဘများအတွက် ထပ်မံပြုလုပ်ပေးရခြင်း ဖြစ်ကြောင်း၊ Future Way Education & Services အမှတ်(၉) အခန်း(၆-အေ) ယောမင်းကြီးလမ်းသွယ် သမ္မတကွန်ဒို ဖုန်း- ၂၅၄၁၈၅နှင့် ၂၄၁၀၉၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရ သည်။ (သတင်းစဉ်)

ခမောက်ကြီးမြို့ စည်ပင်သာယာရေးအဖွဲ့ရုံးအဝင်လမ်းတွင် မြက်ဖြတ်ခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် စစ်မှုထမ်းဟောင်း ပညာသင်ထောက်ပံ့ငွေပေးအပ်

ကျိုက်ထို စက်တင်ဘာ ၈

ကျိုက်ထိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နာယက နယ်မြေခံ တပ်မမှူး ဗိုလ်မှူးချုပ်တောက်ထွန်းနှင့် အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးနေထက်ရှိန်နှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နာယက နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ်တောက်ထွန်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဗိုလ်မှူးရဲနှစ်(ငြိမ်း)က ထောက်ပံ့ငွေ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နာယက နယ်မြေခံ တပ်မမှူး ဗိုလ်မှူးချုပ်တောက်ထွန်းနှင့် အဖွဲ့ဝင်များမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းနေအဖွဲ့ဝင် သားသမီးတို့အတွက် ထောက်ပံ့ငွေကျပ် ၁၄၇၅၀၀၀ကို ပေးအပ်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် မြသီတာလမ်းနေ ကွယ်လွန်သူ ဦးလှစိန်အား ရည်စူး၍ ဒေါ်ညွန့်ရီ မိသားစုက အေးချမ်းအောင်မြင် စေတီတော်ပရိဝုဏ်၌ ပျက်စီးပြိုကျသွားသော နံရံများ ပြုပြင်ရန်အတွက် ငွေကျပ် သိန်း၂၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အထက(၁) သာကေတ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၅ ရက်က မြဝတီဆောင်ကျောင်းခန်းမ၌ ကျင်းပရာ (၂၁)နှစ်ဆက်တိုက် ခွင့်ပျက်ရက်မရှိသူ အလယ်တန်းပြဆရာမ ဒေါ်မြမြဦးအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်စိန် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

ကွင်းဆင်းစစ်ဆေး

မြောင်မြို့ ဈေးကြီးအတွင်း ဩဂုတ် ၁၃ ရက်က အိုင်အိုဒင်းဆား ရောင်းချမှုရှိ မရှိကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်ဦး၊ မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်း၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

၂၀၁၂ ဥရောပဖလားခြေစစ်ပွဲ ဒုတိယပွဲစဉ်များ ယှဉ်ပြိုင် ဝိန်းရွှန်နေး၏ အဖွင့်ဂိုးနှင့်အတူ အင်္ဂလန်အသင်းနိုင်ပွဲရ

လန်ဒန် စက်တင်ဘာ ၈

၂၀၁၂ ဥရောပဖလားခြေစစ်ပွဲ ဒုတိယပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အင်္ဂလန်အသင်း အဝေးကွင်းတွင် ဝိန်းရွှန်နေး၏ အဖွင့်ဂိုးနှင့်အတူ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆွစ်ဇာလန် ၁-၃ အင်္ဂလန်

အင်္ဂလန်အတွက် ဂိုးများကို ပွဲချိန် ၁၀မိနစ်တွင် ဝိန်းရွှန်နေး၊ ၆၉ မိနစ်တွင် အဒမ်ဂျွန်ဆင်နှင့် ၈၈ မိနစ်တွင် ဒါရင်ဘန့်တို့က သွင်းယူခဲ့ပြီး ဆွစ်ဇာလန်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ၇၁ မိနစ်တွင် ရှာကီရိက သွင်းယူခဲ့သည်။ ပွဲချိန် ၆၃မိနစ်တွင် ဆွစ်ဇာလန် နောက်ခံကစားသမား လက်ချ်တိန်းနာ အနီကတ်ပြ ထုတ်ပယ်ခြင်းခံခဲ့ရသည်။

ပါဝင်ကစား

ယခုပွဲတွင် အင်္ဂလန်အသင်း၌ ဂိုး-ဂျိုးဟတ်၊ နောက်တန်း-ဂလင်းဂျွန်ဆင်၊ ဂျာဂီကာ၊ လက်စကော့၊ အက်ရှ်လေကိုး၊ အလယ်တန်း-ဝေါလ်ကော့ (အဒမ်ဂျွန်ဆင်-၁၃)၊ ဂျရတ်၊ ဘယ်ရီ၊ မေလ်နာ၊ ရှေ့တန်း-ဒီဖိုး(ဒါရင်ဘန့်-၇၀)နှင့် ဝိန်းရွှန်နေး(ဖိလစ်-၇၉)တို့ ပါဝင်ကစားသွားခဲ့သည်။ ***အင်တာနက်။***

အခြားပွဲစဉ်ရလဒ်များ

ဂျာမနီ	၆ - ၁	**အဇာဘိုင်ဂျန်**
ရုရှား	၀ - ၁	**ဆလိုဗက်ကီးယား**
အီတလီ	၅ - ၀	**ဖာရိုးကျွန်းစု**
ဘော့စနီးယား	၀ - ၂	**ပြင်သစ်**
ဆွီဒင်	၆ - ၀	**ဆန်မာရီနို**
နယ်သာလန်	၂ - ၁	**ဖင်လန်**
ခရိုအေးရှား	၀ - ၀	**ဂရိ**
ဒိန်းမတ်	၁ - ၀	**အိုက်စလန်**
နော်ဝေ	၁ - ၀	**ပေါ်တူဂီ**
ချက်	၀ - ၁	**လစ်သူယေးနီးယား**

သွင်းယူ

အင်္ဂလန်အတွက် အဖွင့်ဂိုးကို ဝိန်းရွှန်နေး ဤကဲ့သို့ သွင်းယူခဲ့သည်။

ဝင်းတင် (ကြေးမုံ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂ရက်တွင် ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရသူ မသင်းသန့်ထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းနုစံပြစလွယ်ဆုနှင့် ဒိုင်းဆုချီးမြှင့်စဉ်။ (ပညာရေး)

ခြေချင်းဝတ်ဒဏ်ရာရရှိသွားသည့် ဝေါလ်ကော့။

ဝေါလ်ကော့ ခြေချင်းဝတ်ဒဏ်ရာရ

လန်ဒန် စက်တင်ဘာ ၈

အင်္ဂလန်အသင်းမှ အာဆင်နယ် တောင်ပံတိုက်စစ်မှူး ဝေါလ်ကော့သည် ခြေချင်းဝတ်ဒဏ်ရာကြောင့် အနည်းဆုံး တစ်ပတ်ခန့် နားရမည်ဖြစ်သည်။

ကံကောင်းထောက်မ

ဝေါလ်ကော့သည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ၂၀၁၂ ဥရောပဖလားခြေစစ်ပွဲတွင် ဆွစ်ဇာလန်နှင့် အင်္ဂလန် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲ၌ ပွဲချိန် ၁၀ မိနစ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ညာဘက်ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည့် ဝေါလ်ကော့ကို ဓာတ်မှန်ရိုက်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ကံကောင်းထောက်မစွာ ကျိုးသွားခြင်းမရှိသည်ကို တွေ့ရသည်။ ***အင်တာနက်။***

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေ ဖြစ်ပေါ်နေမည်

နေပြည်တော် စက်တင်ဘာ ၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကြား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ဇလွန်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ပုသိမ်မြို့နှင့် ကသာမြို့တို့တွင် သုည ဒသမ ၉၁ လက်မစီ၊ ခန္တီးမြို့တွင် သုည ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၉ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီး တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၆ဒသမသုညဒီဂရီစင်တီဂရိတ်) ၉၇ ဒီဂရီဖာရင်ဟိုက် ၇-၉-၂၀၁၀

အနိမ့်ဆုံးအပူချိန် (၂၅ဒသမသုညဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက် ၈-၉-၂၀၁၀

၉း၃၀ နာရီအချိန် စိုထိုင်းဆ	၇၁ ရာခိုင်နှုန်း	၈-၉-၂၀၁၀
မိုးရေချိန်	မရှိပါ	၈-၉-၂၀၁၀

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ ခုနှစ် စက်တင်ဘာလအတွက်

(၁၂-၉-၂၀၁၀) ရက်နေ့

နှင့်

(၂၆-၉-၂၀၁၀) ရက်နေ့



K Future Co.,Ltd

Vacancy Announcement

(For local Service Only)

1.Accountant (F) 2Posts
-B.Com (or) LCCI Level (III). Age above (30)years
-Must have experience in related field
-Must have familiar with Accounting Software

2.Marketing Manager (M/F) 2posts
-Any Graduate from Medical field. Age above (30) years
-Must have good management and organizational skill.

3.Marketing Executive (M/F) 2posts
-Graduate, Age under (30) years
-Must have good experience in Medical Field.

4.Marketing Staff (M/F) 5posts
-Graduate, Age under (30)years
-Must have good experience in Medical Field.

5.Engineer (M) 2posts
-BE (Mechanical/ EP/EC) (or)
-Any other well recognized Engineering degree
-Age under (30) years

6.Driver (M) 1posts
-Can drive the car safely and skill must be brilliant.
-Expert to go everywhere around Yangon.

All candidates must have good interpersonal skill, computer skill and fluent English.
Interested candidates should send CV,1 recent passport size photo, labour registration card and other related documents to K Future Co.,Ltd.,
No (15/G)Marlar Myaing Street, Bauktaw, Yankin Township, Yangon,Ph-01 400021 within 2 weeks from the date of this announcement.

ဝန်ထမ်းများအလိုရှိသည်

(လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ပြည်တွင်း၌သာခန့်ထားရန်)

စဉ်	ရာထူး	ပညာအရည်အချင်း	ဦးရေ
၁။	Security Staff	အခြေခံပညာအလယ်တန်းမှဘွဲ့ရအထိ	ကျား(၅၀)ဦး၊ မ(၁၀)ဦး
၂။	Assistant Manager	ဘွဲ့ရ	ကျား(၁)ဦး၊ မ(၁)ဦး

နယ်မှလာသောသူများအတွက်အဆောင်နေခွင့်နှင့် အထူးသင့်လျော်သောနှုန်းဖြင့် စားသောက်ရေးကို စီစဉ်ပေးမည်။ လျှောက်ထားလိုသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာ၊ ပတ်စပို့ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း၊ မိတ္တူ)၊ သန်းခေါင်စာရင်း(မူရင်း၊ မိတ္တူ)၊ ဘွဲ့ရများအတွက် ဘွဲ့လက်မှတ်နှင့်အတူ လိုအပ်သော အထောက်အထားများ တစ်ပါတည်းယူဆောင်၍ လူကိုယ်တိုင်ရုံးချိန်အတွင်း လျှောက်ထားနိုင်သည်။

လျှောက်ထားနိုင်သောနေရာများ

၁။ ရန်ကုန်ရုံးချုပ် - Myanmar Safe & Sound Security Service Co.,Ltd.
အမှတ်(၇)ကျန်စစ်သားလမ်း၊ စက်မှုဇုန်(၃)လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
Tel:685439, 685060, 685040, 703605

၂။ မန္တလေးရုံးခွဲ - အမှတ်(ပ/၇၆)၆၁×၆၂လမ်းကြား၊ ၄၁×၄၂လမ်းကြား
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ Tel:02-77674, 09-6500322

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ပိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

Southern Myanmar နှင့် ကမ္ဘောဇ ကွာတားတက်

ရန်ကုန် စက်တင်ဘာ ၈

၂၀၁၀ MFF Max Cement Cup ရှုံးထွက်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ကျင်းပရာ Southern Myanmar အသင်းနှင့် ကမ္ဘောဇအသင်းတို့ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

(သုဝဏ္ဏကွင်း)

Southern Myanmar - နှစ်ဂိုး
(ပရင့်ဇ်)
ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ

ရန်ကုန်ယူနိုက်တက်အသင်း မဗျော်လင့်ဘဲပြိုင်ပွဲမှ စောစီးစွာ ထွက်ခွာသွားရအောင် Southern Myanmar အသင်းနည်းပြ ကင်မ်ဝေါလ်ဒန်က စွမ်းဆောင်ပြသွားသည်။ တနင်္ဂနွေနေ့တွင် Delta United အသင်းနှင့် အမှတ်ပေးပြိုင်ပွဲယှဉ်ပြိုင်ကစားရန်ရှိသောကြောင့် Southern အသင်းမှာ အမာခံကစားသမားအများစုကို အနားပေးထားသော်လည်း ခြေစွမ်းပြ အနိုင်ရခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးပြိုင်ပွဲတွင် နှစ်ပွဲဆက် နိုင်ပွဲပျောက်ထား၍ ရန်ကုန်ယူနိုက်တက်အသင်းမှာ ယခုရှုံးထွက်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်တက်ရောက်နိုင်ရန် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း အဆုံးသတ် ဂိုးသွင်းအားနည်းမှုကြောင့် Southern ကို အရှုံးမှလိုက်ကစားခဲ့ရသည်။ ရှေ့တန်းတွင်ချာလက်စ်အိုဘီနှင့် အောင်စည်သူတို့ အတွဲညီသလို ဂိုးရနိုင်သည့် အခွင့်အရေးများကိုလည်း ချာလက်စ်အိုဘီ၊ ဒေးဗစ်ဒန်း၊ ရန်အောင်ကျော်နှင့် အောင်စည်သူတို့ အသုံးမချနိုင်ခဲ့ပေ။ Southern အသင်းမှာ ခံစစ်ပိုင်းကိုသာ အမာခံများဖြင့် ပွဲထွက်ခဲ့သော်လည်း ကွင်းလယ်နှင့်တိုက်စစ်တွင် အရန်ကစားသမားများဖြင့် ပွဲထုတ်ခဲ့သည်။ ပွဲအစတွင် Southern အသင်း အချိတ်အဆက်မိမိဖြင့် ကစားနိုင်ခဲ့ပြီး ၇ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ပရင့်ဇ်က Southern အတွက် ဂိုးစတင်သွင်းယူခဲ့သည်။

ချေပဂိုးရရန် ရန်ကုန်ယူနိုက်တက်အသင်းမှာ ဒုတိယပိုင်းတွင် လီယိုနာဒို၊ ကျော်သူရနှင့် ဒေးဗစ်ဒါရိုချာတို့ကို ထည့်သွင်း၍ တိုက်စစ်အားမြှင့်ခဲ့သည်။ ရန်ကုန်တိုက်စစ်ဖွင့် **စာမျက်နှာ၉ ကော်လံ ၅သို့ ★**

ရန်ကုန်ယူနိုက်တက်အသင်းမှ လီယိုနာဒို၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို Southern နောက်ခံလူများ ကာကွယ်စဉ်။ (ကြေးမုံ)

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် အတန်းတင်စာမေးပွဲများ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၈

၂၀၁၀ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်-

(က)ပထမအသုတ်

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်း ပို့ချမည့်ရက်	စာမေးပွဲကျင်းပ မည့်ရက်
၁။	ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်	သိပ္ပံအထူးပြုအားလုံး		၄-၁၀-၂၀၁၀ မှ ၁၁-၁၀-၂၀၁၀ ထိ

(ခ)ဒုတိယအသုတ်

စဉ်	သင်တန်းနှစ်	အထူးပြု	အနီးကပ်သင်တန်း ပို့ချမည့်ရက်	စာမေးပွဲကျင်းပ မည့်ရက်
၁။	ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်	အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ	၁၄-၁၀-၂၀၁၀ မှ ၂၄-၁၀-၂၀၁၀ ထိ	၂၈-၁၀-၂၀၁၀ မှ ၄-၁၁-၂၀၁၀ ထိ
၂။	စတုတ္ထနှစ်	ဥပဒေပညာ	၁၄-၁၀-၂၀၁၀ မှ ၂၄-၁၀-၂၀၁၀ ထိ	၂၈-၁၀-၂၀၁၀ မှ ၄-၁၁-၂၀၁၀ ထိ

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❍

မှတ်သားဖွယ်ရာ မိုးရေချိန်များ
၈-၉-၂၀၁၀

ဇလွန်
၁ ဒသမ ၈၅ လက်မ
ပုသိမ်
သုည ဒသမ ၉၁ လက်မ
ကသာ
သုည ဒသမ ၉၁ လက်မ
ခန္တီး
သုည ဒသမ ၇၉ လက်မ